ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (2-11-2011) (၆၉၃၁)

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော်    နိုဝင်ဘာ    ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Ramesh Shrestha နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ မသန်စွမ်းအနုပညာရှင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှု ကြည့်ရှုအားပေး

နေပြည်တော်    နိုဝင်ဘာ    ၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ မသန်စွမ်းအနုပညာရှင်အဖွဲ့သည် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်တစ်ရပ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ဖျော်ဖြေတင်ဆက်ရန် အောက်တိုဘာ ၃၀ ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိပြီး အောက်တိုဘာ ၃၁ ရက်တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မသန်စွမ်းအနုပညာရှင်အဖွဲ့တွင် အမြင်အာရုံနှင့် အကြားအာရုံ ချို့တဲ့သူများ ပါဝင်ပြီး အများစုမှာ လူငယ်များဖြစ်ကြသည်။ အဖွဲ့ဝင်အင်အား ရာကျော်ရှိပြီး အဖွဲ့တည်ထောင်ခဲ့သည့် သက်တမ်းမှာ (၂၅)နှစ်ခန့်ရှိပြီ ဖြစ်သည်။

လှပသောတမန်တော် (My Dream) တရုတ်မသန်စွမ်းအနုပညာရှင်အဖွဲ့ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံနှင့် ဒေသပေါင်း ၆၀ ကျော်တွင် အနုပညာဖျော်ဖြေတင်ဆက်မှုပေါင်း ၁၅၀၀ ကျော်ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆



**ဂုဏ်ပြုပန်းခြင်း ပေးအပ်**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ မသန်စွမ်းအနုပညာရှင်အဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။**

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၂-၁၁-၂၀၁၁ [ဗုဒ္ဓဟူးနေ့]။

# အိမ်ရာများ အာမခံချက် အပြည့်အဝရှိရမည်

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ သိသာစွာ ဖြစ်ပေါ်နေ၏။ နိုင်ငံ၏စာမျက်နှာသစ် ဖွင့်လှစ်နိုင်မှုအပေါ် ယုံကြည်မှုများလည်း တိုးလာ၏။ ဈေးကွက်စီးပွားရေးပုံစံသစ်လည်း ပီပြင်လာ၏။ မြို့ပြအသွင်နေထိုင်မှုပုံစံသစ်များလည်း ဖြစ်ထွန်းလာ၏။ စီးပွားရေးပြောင်းလဲလာမှုနှင့်အတူ နိုင်ငံသားများ၏ဝင်ငွေလည်း အထိုက်အလျောက် တိုးလာ၏။ လူဦးရေလည်း တစ်နေ့တခြား များလာ၏။ တိုးပွားလာသော မြို့ပြလူဦးရေနှင့် အချိုးညီရန် အိမ်ရာတည်ဆောက်မှု၊ ဝယ်ယူမှု၊ ပိုင်ဆိုင်မှုများ များပြားလာ၏။

အထပ်မြင့် အိမ်ရာများ တည်ဆောက်ရာတွင် တည်ဆောက်သူတို့က ကုန်ကျစရိတ်နှင့် ဝယ်လက်ကို ကြည့်၏။ ဝယ်ယူသူတို့က ဈေးသက်သာမှုနှင့် ခိုင်ခံ့မှုကို ကြည့်၏။ ဝယ်လက်နှင့် ရောင်းလက် သဟဇာတဖြစ်အောင် လုပ်ငန်းရှင်များက လုပ်ရ၏။ နိုင်ငံ၏အနာဂတ်ကို မျှော်ကြည့်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စံချိန်စံညွှန်းအတိုင်း အဆင့်မြင့်အိမ်ရာ ဖော်ထုတ်မှုများလည်း တွေ့နေရ၏။ တန်ဖိုးနည်း အထပ်မြင့်အိမ်ရာတည်ဆောက်မှုများလည်း တွေ့ရ၏။

မည်သို့ပင်ဖြစ်စေ အိမ်ရာအရည်အသွေးနှင့် ခိုင်ခံ့မှုသည် အဓိကကျ၏။ ၂၀၀၀ ပြည့်နှစ်မတိုင်မီက အရည်အသွေးမမီသည့် ကန်ထရိုက်တိုက်များကြောင့် နေထိုင်သူများအတွက် အန္တရာယ်ရှိခဲ့ကြောင်း ကြားဖူး၏။ နေအိမ် တိုက်ခန်းများသည် အရည်အသွေးမီရန်သာမက မြေငလျင်၊ မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်များ၏ဒဏ်ခံနိုင်ရန် လိုအပ်၏။ ထို့ကြောင့် မြို့ပြများရှိ အဆောက်အအုံ ကြံ့ခိုင်မှုကို ပိုမိုအလေးထား စစ်ဆေးဆောင်ရွက်ရန် ကျယ်ကျယ်လောင်လောင် ကြားလာရ၏။ အဆောက်အအုံများ၏ အရည်အသွေးပြည့်ဝမှုသည် နေထိုင်သူများအတွက် အလွန်အရေးကြီးသည့်အပြင် တိုက်ခန်းများ၊ ကွန်ဒိုများ အရောင်းမြှင့်တင်ရာတွင်လည်း အရေးပါ၏။

အရည်အသွေးလျော့၍ အန္တရာယ်မဖြစ်စေရန်အတွက် အဆောက်အအုံအရည်အသွေးဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်ကို ကြားသိရ၏။ ၂၀၁၃ ခုနှစ်အတွင်း အဆောက်အအုံအရည်အသွေးဥပဒေကို ပြဋ္ဌာန်းနိုင်မည်ဟုဆိုသည်။ ထိုအခါ ဆောက်လုပ်ရေးလောကတွင် အရည်အသွေး စံချိန်စံညွှန်းမီသည့် အာမခံချက်ပြည့်ဝသော အဆောက်အအုံများ ဖြစ်တည်လာတော့မည်။

လက်ရှိအခြေအနေတွင် အိမ်ရာစီမံကိန်းများ အရောင်းသွက်စေရန်အတွက် ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်ရာ၌ အဆောက်အအုံ အရည်အသွေးပိုင်းဆိုင်ရာ အားနည်းချက်မဖြစ်ဖို့ လိုအပ်ပါသည်။ တည်ဆောက်သူများအနေဖြင့် အမြတ်အစွန်းနည်းနည်း ဆောင်ရွက်ရသော်လည်း စံချိန်စံညွှန်းကို ထိန်းသင့်၏။ ဝယ်လက်မှာ ဈေးသက်သာလေ ကြိုက်လေဖြစ်၏။ တည်ဆောက်သူမှာ အရည်အသွေးလျှော့မိ၍ ဝယ်ယူသူ အန္တရာယ်မဖြစ်အောင် သတိပြုသင့်၏။ စေတနာထား၍ တည်ဆောက်၊ အမြတ်နည်းနည်းယူ၊ အရည်အသွေးမလျော့သည့်မျိုး ဖြစ်သင့်၏။

တိုက်ဈေးနှင့် အရည်အသွေးမှာ အညမညဖြစ်၏။ ဈေးနိမ့်တိုက်ခန်းတည်ဆောက်ရေးအတွက် အသက်ရှူချောင်ရန် မြေတန်ဖိုးနိမ့်သောနေရာဖြင့် ကုစားနိုင်၏။ သာဓကအားဖြင့် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ အက်ဖ်အမ်အိုင် ပဒေသာပင်မြို့တော် အိမ်ရာများမှာ ဈေးနှုန်းသင့်တင့်၍ နေထိုင်မှုပုံစံကောင်းသော အိမ်ရာစီမံကိန်းများအဖြစ် တွေ့မြင်ရ၏။

ချုပ်၍ဆိုရသော် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မြို့ပြအိမ်ရာများ ဖွံ့ဖြိုးတိုးတက်လာသည်။ ယခင်က အဆောက်အအုံပိုင်းဆိုင်ရာ အရည်အသွေး ဥပဒေပြဋ္ဌာန်းချက်မရှိ၍ စိုးရိမ်ပူပန်မှုများရှိခဲ့သည်။ မကြာမီကာလတွင် အဆောက်အအုံအရည်အသွေးဥပဒေများ ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ရာ အရည်အသွေးပြည့်ဝ၍ အာမခံချက်ရှိသော မြို့ပြအဆောက်အအုံများ ဝေစည်လာတော့မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော်  နိုဝင်ဘာ  ၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့်အဖွဲ့သည် ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ လာရောက်တွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စများနှင့် နိုင်ငံရေးပါတီဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၉၃၀၀ | ၀. ၀၃၂၃၃ |
| တရုတ် (ယွမ်) | ၆. ၃၅၆၀၀ | ၀. ၁၅၇၃၃ |
| အိန္ဒိယ (ရူပီး) | ၄၉. ၂၆၅၀ | ၀. ၀၂၀၃၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၁၈၀၀ | ၀. ၃၂၀၇၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၇၃ | ၀. ၇၈၄၄၈ |
| ဂျပန် (ယန်း) | ၇၈. ၃၁၇၂ | ၀. ၀၁၂၇၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၂. ၀၀ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၃၀၃၇ | ၁. ၃၆၉၈၂ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၆၂၄ | ၁. ၅၉၆၈၄ |

*အင်တာနက်။*

**ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် (၁၆)ကြိမ်မြောက် PRE-SEA DECK RATING TRAINING COURSE သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၄ ရက်က သင်တန်းခန်း၌ကျင်းပရာ အသင်းအတွင်းရေးမှူး ဦးကျော်မြင့်ဦး သင်တန်းသားတစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်စဉ်။** (ကြေးမုံ)



## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှိုးဆော်ချက်

ယခုအချိန်တွင် တစ်နိုင်ငံလုံး၌ မိုးစပါးများ ရိတ်သိမ်းမည့်အချိန်ဖြစ်ပါသည်။

မိုးစပါးရိတ်သိမ်းပြီး သီးထပ်အဖြစ် မတ်ပဲ၊ ပဲတီစိမ်းသီးနှံများစိုက်ပျိုးရန် တောင်သူလယ်သမားများ ပြင်ဆင်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရိတ်သိမ်းပြီးစပါးများကို ကန်သင်းများတွင် စုပုံထားပြီး သီးထပ်ပဲသီးနှံအား စိုက်ပျိုးရန် လုပ်ငန်းအား ဦးစားပေးပြီးဆောင်ရွက်သည့် အလေ့အထရှိကြရာ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းကြောင့် မိုးထိပြီး လေလွင့်ဆုံးရှုံးမှုများ ကြီးမားစွာ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ရိတ်သိမ်းပြီးစပါးများကို ခြွေလှေ့စက်များဖြင့် ခြွေလှေ့ပြီး စပါးကျီ၊ အမိုးအကာအောက်ရောက်ရှိရေးအတွက် တိုင်းဒေသကြီး ပြည်နယ်အလိုက် ကြီးကြပ်ဆောင်ရွက်ပေးပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



## မိုးစပါးစိုက်ခင်း စုပေါင်းမြေသြဇာကြဲပက်ပွဲ ကျင်းပ

**ရမ်းဗြဲ  နိုဝင်ဘာ  ၁**

ရမ်းဗြဲမြို့နယ် ရွာကြီးကျေးရွာအုပ်စု ရွှေကျေးရွာ တောင်သူဦးကျော်သိန်းပါရှစ်ဦး၏ လယ်မြေ ၁၀ ဧကတွင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကြဲပက်ခြင်းကို အောက်တိုဘာ ၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ **(အပေါ်ပုံ)** သိပ္ပံနည်းကျ မြေသြဇာကြဲပက်ခြင်းနှင့် စပ်လျဉ်း၍ မြို့နယ်မန်နေဂျာ ဦးကျန်သိန်းက ရှင်းလင်းပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ စုပေါင်းမြေသြဇာကြဲပက်နေမှုများကို ကြည့်ရှုအားပေးကြောင်း သိရသည်။ (၅၂၂)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာ့ရှုခင်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

- ၄:၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ လျှပ်တစ်ပြက်
- ၄:၂၅ ၅။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၅ ၇။ ရှေးဟောင်းသုတ
- ၅:၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၁၃)**
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ **Mail Box**
- ၆:၃၅ ၁၃။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၇၀)
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၆၅)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ဒို့တာဝန်အရေး(၃)ပါး
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ရေသူအထီး (မိုလ်ခန်း၊ ဂျူးဂျူးကော၊ ခင်လှိုင်၊ ဇေလုဝနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၅)**
- ၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ တိုးတက်ပြုပြင်ပြောင်းလဲမှုများ၊ လွှတ်တော်၏ ဥပဒေပြုလုပ်ငန်းကိစ္စရပ်များ၊ လွှတ်တော်အနေဖြင့် ပြည်သူတို့၏ ဆန္ဒများကို အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတိုးတက်ရေးအတွက် ဆောင်ရွက်မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးခြင်းနှင့် အကျဉ်းသားများ လွှတ်ပေးခြင်းကိစ္စများ၊ နိုင်ငံတကာရေးရာကိစ္စရပ်များတွင် ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပါတီပေါင်းစုံနှင့် တိုင်းရင်းသားပေါင်းစုံ ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## လာရောက်တွေ့ဆုံ

**ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)





# ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် တရုတ်သံအမတ်ကြီး တွေ့ဆုံ

## ဗုဒ္ဓမြတ်စွယ်တော် စတုတ္ထအကြိမ်ပင့်ဆောင်ပူဇော်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ်အဖြစ် ဒေသစာရီကြွချီအပူဇော်ခံမည့် ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်ရေး၊ စည်ကားသိုက်မြိုက်စွာ ဖူးမြော်ကြည်ညိုနိုင်စေရေးနှင့် မြန်မာနှင့်တရုတ်နှစ်နိုင်ငံအကြား ဗုဒ္ဓဘာသာယဉ်ကျေးမှုဖလှယ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြသည်။**(ဓာတ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် လွှတ်တော်ကိုယ်စားလှယ် (၁၃၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း ပြုစုရေးဆွဲထားမှုနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ရသုံးမှန်းခြေငွေစာရင်း လျာထားချက်၊ ပဉ္စမကာလတို ငါးနှစ်စီမံကိန်း ရည်မှန်းချက်များ ပြန်လည်ဖြည့်စွက်ရေးဆွဲထားမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်မှုတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ မေးခွန်း(၁၀)ခုကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းနှင့် အဆိုအသစ်(၃)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရပ်နားသည်။

အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးတို့ တက်ရောက်ကြပြီး မေးခွန်း(၂၀)ကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ဖြေကြားခြင်း၊ ယမန်နေ့က တင်သွင်းခဲ့သည့် အဆို(၃)ခုအနက် အဆို(၁)ခုကို အတည်မပြုရန်ဆုံးဖြတ်ခြင်းနှင့် အဆို(၂)ခုကို ပြန်လည်ရုပ်သိမ်းခြင်း၊ အဆိုအသစ်(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့ အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited. သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV BGP Explorer ဖြင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာတည်နေရာ အကျယ်အဝန်းမှာ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၆ မိနစ် (၁ ဒသမ ၂၂)စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် (၉၄) ဒီဂရီ ၅၇ မိနစ် (၃၅ ဒသမ ၈၃)စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၆ မိနစ် (၉ ဒသမ ၁၃)စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ်(၃၄ ဒသမ ၂၇)စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၉ မိနစ် (၅၂ ဒသမ ၇၃)စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် (၃၅ ဒသမ ၈၆)စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၉ မိနစ် (၄၄ ဒသမ ၉၇)စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၇ မိနစ် (၄၀ ဒသမ ၇)စက္ကန့် အတွင်းတွင်ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV BGP Explorer ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


## တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

* လူငယ်ဘဝသည် ပူပင်၊ ကြောင့်ကြမှုကင်းသဖြင့် စိတ်လက်ပေါ့ပါးစွာ ပျော်ပျော်ရွှင်ရွှင်နေနိုင်သည်။
* အနာဂတ်အိပ်မက်များကို သာယာလှပစွာ ဖန်တီးဖော်ဆောင်နိုင်သည်။
* မိမိ၏တန်ဖိုးရှိလှသော လူငယ်ဘဝကို မပျက်စီး၊ မဆုံးရှုံးစေရအောင် မူးယစ်ဆေးဝါးကို လုံးဝရှောင်ကြဉ်ပါ။ ဆေးလိပ်လုံးဝ စမ်းမသောက်ပါနှင့်။
* မူးယစ်ဆေးဝါးသားကောင်များ၏ ဘဝပျက်စီးရပုံကို ရုပ်ရှင်၊ ဗီဒီယိုများ၊ စာအုပ်၊ စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများတွင် သင်ခန်းစာယူပြီး လူငယ်အချင်းချင်း အသိပညာမျှဝေပေးပါ။
* ဝိသမလောဘသားများ၏ ဖြားယောင်းသွေးဆောင်မှုများကို နားမယောင်ပါနှင့်။ မယုံကြည်ပါနှင့်။
* စာပေလေ့လာခြင်း၊ ကစားခုန်စားပြုလုပ်ခြင်း စသည်ဖြင့် မိမိ၏ အားလပ်ချိန်ကို အကျိုးရှိရှိအသုံးချပါ။
* မူးယစ်ဆေးစွဲသူလူငယ်များ၊ သူငယ်ချင်းများနှင့် လုံးဝမပေါင်းသင်းပါနှင့်။
* လမ်းမှားရောက်နေသူ လူငယ်များ၊ သူငယ်ချင်းများ၏ မိဘ၊ ဆရာ၊ ပတ်ဝန်းကျင်ကို အသိပေးတိုင်ပင်၍ လမ်းမှန်ရောက်အောင် ဝိုင်းဝန်းတည့်မတ်ကူညီပေးပါ။

**ပြည်သူများအားပညာပေးလှုံ့ဆော်ရေးအဖွဲ့**

**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**


# ၂၀၁၁ ခုနှစ် ဆောင်းရာသီသီးနှံထုတ်လုပ်ရေး ငွေထုတ်ချေး

**ရေစကြို နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဦးကျော်မြင့် ဦးဆောင်သော ဝန်ထမ်းများသည် ရုံးပိတ်ရက်များတွင် နားရက်မယူကြဘဲ ၂၀၁၁ ခုနှစ် ဆောင်းသီးနှံများဖြစ်သော နှမ်းစပါး၊ မြေပဲ၊ နှမ်း၊ ကုလားပဲ၊ မတ်ပဲ၊ ပဲလွမ်း၊ ပဲပုပ် စိုက်ပျိုးသီးနှံများ အချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အောက်တိုဘာ ၂၅ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိသည်။

ယခုနှစ် ဆောင်းချေးငွေကို ကျေးရွာအုပ်စု လေးအုပ်စုမှ ဘဏ်အဖွဲ့ဝင် (ခန့်မှန်း) ၅၅၀၀ တို့အား ထုတ်လုပ်မှုအပေါ်သုံးသပ်၍ ငွေကျပ်သိန်း ၃၇၀၀ ကို နိုဝင်ဘာလကုန်အတွင်း အပြီးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၃၇၄)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဝန်ကြီး လာရောက်တွေ့ဆုံ

**လာရောက်တွေ့ဆုံ**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဝန်ကြီး H.E. Mr Erik Solheim လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)



**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဝန်ကြီး H.E. Mr. Erik Solheim နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လွှတ်တော်အနေဖြင့် ပြည်သူတို့၏ မျှော်လင့်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် နိုင်ငံတကာအရေးကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ ရှင်းလင်းပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများသို့ စီမံကိန်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှု



ဆိုင်ရာကိစ္စများ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မန္တလေးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တိုင်းဒေသကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ဝန်ဆောင်မှုကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စများနှင့် ပတ်သက်၍လည်းကောင်း၊ အသားတင်ထုတ်လုပ်မှုတန်ဖိုး တွက်ချက်ရာတွင် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေး၊ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်း ပပျောက်ရေးကိစ္စရပ်များကို လည်းကောင်း၊ ဒေသဖွံ့ဖြိုးမှုအတွက် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ငန်းများနှင့် ဟန်ချက်ညီ စနစ်တကျဆောင်ရွက်ရေးတို့ကို လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေး ကိစ္စများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က တိုင်းဒေသကြီး၏ စီးပွားရေးစီမံကိန်းပြည့်မီရန် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ ဆောင်ရွက်မှု လုပ်ငန်းများကိုလည်း နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးပေးနိုင်ရန် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဒေရီကွင်း နို့ထွက်ပစ္စည်းစက်ရုံအတွင်း လှည့်လည်ကြည့်ရှုပြီး မိတ္ထီလာမြို့နယ် တောမကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးခင်မောင်ဝင်း၏ ဝင်းဝင်းတမ နို့ချက်စက်ရုံကိုလည်းကောင်း၊ ကောင်းထက်စံ နို့စားနွားမွေးမြူရေးခြံများကိုလည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဒေရီကွင်းနို့ထွက်ပစ္စည်းစက်ရုံ၌ ကြည့်ရှုစဉ်။** (သတင်းစဉ်)

# အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ထရန်စဖော်မာလေးလုံး ရေယာဉ်ပေါ်မှ သယ်ချပြီးစီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကမ်းနားလမ်းရှိ Asia World ဆိပ်ကမ်းသို့ ရောက်ရှိပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက စစ်တောင်းဓာတ်အားခွဲရုံနှင့် မော်လမြိုင်ဓာတ်အားခွဲရုံတို့တွင် တပ်ဆင်အသုံးပြုမည့် တရုတ်နိုင်ငံလုပ် 230/33/11 KV (50)MVA ထရန်စဖော်မာ လေးလုံးအား ရေယာဉ်ပေါ်မှ ဆိပ်ကမ်းသို့ သယ်ချပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထရန်စဖော်မာများ လုပ်ငန်းခွင်သို့အလျင်အမြန်ရောက်ရှိရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး စစ်တောင်းဓာတ်အားခွဲရုံနှင့် မော်လမြိုင်ဓာတ်အားခွဲရုံတို့တွင် တပ်ဆင်အသုံးပြုမည့် ထရန်စဖော်မာလေးလုံး ရေယာဉ်ပေါ်မှ ဆိပ်ကမ်းသို့ သယ်ချပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ယခုနှစ် ပြည်ပသို့ ဆန်တန်ချိန် တစ်သန်းခန့် တင်ပို့နိုင်ရန်မျှော်မှန်း

**ရန်ကုန် နိုဝင်ဘာ ၁**

ယခုနှစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ ဆန်တန်ချိန် တစ်သန်းခန့် တင်ပို့သွားနိုင်ရန် မျှော်မှန်းထားကြောင်း ဆန်စပါးသုတေသီများနှင့် ဆန်တင်ပို့နေသည့် ကုမ္ပဏီများက မျှော်မှန်းနေကြသည်။

ဘဏ္ဍာရေးနှစ် နှစ်စမှ အောက်တိုဘာလအထိ ဆန်တန်ချိန် ၃ သိန်းခွဲကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီးဖြစ်၍ ဆန်တင်ပို့ရာသီဖြစ်သော နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ပိုမိုတင်ပို့သွားနိုင်မည်ဟု ခန့်မှန်းထားကြသည်။ မြန်မာ့ဆန် ပြည်ပသို့ တင်ပို့လျက်ရှိရာတွင် ၂၅ မှတ် (အကျိုးအကြေ ၂၅ ရာခိုင်နှုန်း) ဆန်များဖြစ်သော ဧည့်မထ၊ ငစိန်၊ မီးဒုံးဆန်များကို အများဆုံးတင်ပို့ခဲ့ရပြီး အဓိကအားဖြင့် အာဖရိက၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မြောက်ကိုရီးယား၊ သီရိလင်္ကာ၊ တရုတ်နှင့် အရှေ့ဥရောပနိုင်ငံများသို့ တင်ပို့မှုများရှိခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် တန်းမြင့်ဆန်များကို ပိုမိုတင်ပို့သွားနိုင်ရန် ဈေးကွက်ချဲ့ထွင်သွားမည်ဟု သိရသည်။ တန်းမြင့်ဆန်များဖြစ်သော လုံးသွယ်မွှေး၊ ပေါ်ဆန်းမွှေးနှင့် ဧည့်မထ ၅ မှတ် (အကျိုးအကြေ ၅ ရာခိုင်နှုန်း) ဆန်များသည် စင်ကာပူ၊ မလေးရှားနှင့် ဥရောပနိုင်ငံတို့သို့ တင်ပို့မှု ဈေးကွက်ရှိခဲ့သည်ဟု သိရသည်။

ယခုနှစ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဒေသအချို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မိုးစပါးအထွက်နှုန်း လျော့ကျနိုင်သည်ဟု ခန့်မှန်းမှုများရှိနေသော်လည်း ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှုကို ထိခိုက်နိုင်လောက်အောင် ဖြစ်ပေါ်နိုင်ခြင်းမရှိနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ ယခုနှစ်တွင် မိုးစပါးအထွက်နှုန်း လျော့ကျနိုင်သော်လည်း သိပ္ပံနည်းကျ စိုက်ပျိုးမှုများ ပြုလုပ်လာခြင်း၊ ခေတ်မီနည်းပညာနှင့် ကိရိယာများ အသုံးပြုလာခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာကို ဂရုတစိုက် အသုံးပြုလာခြင်းတို့ကြောင့် ပြည်တွင်းစားသုံးမှုတွင် ထိခိုက်နိုင်ခြင်းမရှိနိုင်သလို ပြည်ပသို့ ဆန်တင်ပို့မှုတွင်လည်း ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်မည့် အလားအလာကောင်းများ ရှိနေသည်ဟု သိရသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ရေလွှမ်းမှု ဆိုးရွားစွာ ဖြစ်ပေါ်နေခြင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင်လည်း ရာသီဥတုဖောက်ပြန်မှုများ ရှိခဲ့ခြင်းတို့ကြောင့် ဆန်တင်ပို့မှု လျော့နည်းနိုင်ခြေရှိရာ မြန်မာ့ဆန် ပြည်ပတင်ပို့မှုတွင် အလားအလာကောင်းများ ရှိနိုင်သည်။

မြန်မာ့ဆန် ပြည်ပသို့ တင်ပို့ရာတွင် တန်းမြင့်ဆန်များ ဈေးကောင်းရရှိရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေး ဆောင်ရွက်သွားမည့်အပြင် ယခု ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့ စတင်တင်ပို့ခဲ့သည့် ပေါင်းဆန်ကိုလည်း ယခု ဘဏ္ဍာရေးနှစ်အတွင်းတွင် တန်ချိန် ၅၀၅၀ အထိ တင်ပို့သွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

(၀၀၁)

**ဘဏ္ဍာရေးနှစ်အလိုက် ပြည်ပသို့ ဆန်တင်ပို့ခဲ့မှု**

| ခုနှစ် | မက်ထရစ်တန်(ထောင်ပေါင်း) |
|---|---|
| ၂၀၀၆-၂၀၀၇ | ၁၄၅. ၅၁၄ |
| ၂၀၀၇-၂၀၀၈ | ၃၅၈. ၃၀ |
| ၂၀၀၈-၂၀၀၉ | ၆၄၇. ၃၄ |
| ၂၀၀၉-၂၀၁၀ | ၇၄၆. ၃၉၁ |
| ၂၀၁၀-၂၀၁၁ | ၅၃၇. ၀၀၀ |
| ၂၀၁၁-၂၀၁၂ | ၃၄၇. ၀၀၀ (စက်တင်ဘာလအထိသာ) |

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၁**

*ယနေ့နံနက် ၄ နာရီ ၂၈ မိနစ် ၁၆ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၉၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (စီချွမ်ပြည်နယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုနှင့် ယနေ့နံနက် ၆ နာရီ ၅၆ မိနစ် ၂၂ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၇၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (Xinjiang ပြည်နယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုတို့ လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။* (သတင်းစဉ်)



# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် အစဉ်အလာမပျက် မီးပုံးပျံလွှတ်ပြိုင်ပွဲများဖြင့် စည်ကားစွာကျင်းပမည်

**တောင်ကြီး နိုဝင်ဘာ ၁**

နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည့် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်အား မီးပုံးပျံလွှတ်ပြိုင်ပွဲများကို ပျော်ပွဲရွှင်ပွဲ၊ ဇာတ်ပွဲများနှင့်အတူ နိုဝင်ဘာလ ၃ ရက်မှ ၁၁ ရက်အထိ အဝေရာကုန်းသာကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

'အရင်က မြို့ထိပ်မှာရှိတဲ့ စူဠာမုနိဘုရားနားကွင်းမှာ မီးပုံးပျံလွှတ်ပွဲကို နှစ်စဉ်ကျင်းပပြီး တောင်ကြီးမြို့ ဒေသခံတွေ၊ ရပ်နီး၊ ရပ်ဝေးက လာတဲ့ဧည့်သည်တွေက တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံလွှတ်ပွဲကို ကြိတ်ကြိတ်တိုး လာကြတော့ အဲဒီကွင်းမှာ နေရာအခက်အခဲဖြစ်တာနဲ့ အဝေရာကုန်းသာကွင်းဘက်ကို ပြောင်းရွှေ့ကာ မီးပုံးပျံလွှတ်ပြိုင်ပွဲကို ကျင်းပခဲ့တာ သုံးလေးနှစ်ရှိပါပြီ။ ဟိုဘက်ကွင်းမှာထက် ဒီဘက်မှာ ပိုစည်ကားပါတယ်။ ပြိုင်ပွဲမှာဒေသခံ တောင်ကြီးနဲ့ ဟိုပုံး၊ ရွှေညောင်၊ အောင်ပန်း၊ ဆီဆိုင်ဒေသတွေဘက်ကလည်း လာရောက်ပါဝင်ဆင်နွှဲကြပါတယ်။ ရပ်ဝေးက လာရောက်ပြီး မီးပုံးပျံလွှတ်ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်တာမျိုး မရှိသလောက်ပါပဲ။ တောင်ကြီးဒေသနဲ့ အနီးတဝိုက်က မီးပုံးပျံလွှတ်ပြိုင်ပွဲဝင်အဖွဲ့ တချို့ကသာ ပြင်ဦးလွင်မြို့ မီးပုံးပျံလွှတ်ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်တာမျိုး ရှိပါတယ်' ဟု တောင်ကြီးမြို့ ဒေသခံတစ်ဦးက ဆိုသည်။

တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံလွှတ်ပြိုင်ပွဲအား တန်ဆောင်မုန်းလပြည့်နေ့အထိကျင်းပပြုလုပ်ပြီး လပြည့်ကျော်တစ်ရက်နေ့ နံနက်ပိုင်းတွင် ဆုချီးမြှင့်ပေးအပ်ပွဲကို ကျင်းပသည်။ တန်ဆောင်တိုင်ပွဲတော်တွင် တောင်ကြီးမြို့ ဒေသခံများမှ စုပေါင်းကထိန်ခင်းလှူ့ခြင်းကို ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်တွင် တန်ဆောင်မုန်းလပြည့်နေ့မတိုင်မီ တစ်ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ရပ်နီးရပ်ဝေးမှ လာရောက်လည်ပတ်ကြည့်ရှုသူများ၊ မှတ်တမ်းဓာတ်ပုံဗီဒီယိုများရိုက်ကူးရင်း စိတ်ဝင်တစား ကြည့်ရှုလေ့လာပါဝင်ဆင်နွှဲကြသည့် နိုင်ငံခြားသားဧည့်သည်များဖြင့် ကြက်ပျံမကျ စည်ကားလေ့ရှိသည်။ **(ဝဲပုံ)**

(၅၇၉)

# ဆိုင်ကယ်ရပ်နားခွန်ကောက်ခံမှု စနစ်ကျရန်လို

**လားရှိုး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ မြို့မဈေး၌ ယာဉ်ရပ်နားခွန်ကောက်ခံရာ၌ မော်တော်ဆိုင်ကယ်ရပ်နားခွန်ကို စနစ်တကျ ကောက်ခံရန် လိုလားလျက်ရှိကြောင်း မြို့သူ၊ မြို့သားများထံမှ ကြားသိရသည်။

လားရှိုးမြို့မဈေးပတ်လည်ရှိ ဈေးသို့လာရောက်ကြသော မြို့သူမြို့သားများ၊ ဈေးဝယ်များအား ယာဉ်ရပ်နားခွန်ကောက်ခံရာ သတ်မှတ်နေရာများသီးသန့်မထားဘဲ၊ လမ်းဧရိယာတွင်ပင် ဆိုင်ကယ်များရပ်တန့်စေ၍ ကောက်ခံနေခြင်း၊ ယာဉ်ရပ်နားခွန်ကောက်ခံနေရာ စည်း၊ ဝင်း၊ ရင်တားသတ်မှတ်မထားဘဲ၊ အသိပေးလမ်းညွှန်ဆိုင်းဘုတ်မရှိဘဲ၊ လာရပ်သမျှ ဆိုင်ကယ်များကို လက်ဝါးဖြန့်ကာ(ငွေရဖြတ်ပိုင်းမရှိ) တောင်းယူနေခြင်း၊ ရပ်နားခွန်ကောက်ရန် တာဝန်ရှိသူ ဟုတ်၊ မဟုတ် မခွဲခြားနိုင်ဘဲ (တူညီဝတ်စုံ၊ အမှတ်အသားမရှိ)တောင်းလာသူကို ငွေပေးချေနေရခြင်းများရှိနေကြောင်း သိရသည်။ **(အောက်ပုံ)**

(၅၃၃)



# တို့ရဲ့လက်တွေ သန့်ရှင်းဖို့ ဆပ်ပြာနှင့် လက်ဆေးစို့

**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၀၈ ခုနှစ်မှ စတင်ပြုလုပ်ခဲ့သော Global Hand Washing Day ကို ကမ္ဘာတစ်ဝန်းလုံး၌ ကျင်းပခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ Social Vision Services ကလည်း UNICEF, ACA ပညာရိပ်ငြိမ်၊ Border Area Development Association တို့၏ ပူးပေါင်းပါဝင်မှုများနှင့်အတူ Global Hand Washing Day အခမ်းအနားများကို ယခုနှစ်၏ ဆောင်ပုဒ်ဖြစ်သော "တို့ရဲ့လက်တွေ သန့်ရှင်းဖို့ ဆပ်ပြာနှင့် လက်ဆေးစို့" ဆောင်ပုဒ်နှင့်အညီ ကျင်းပခဲ့သည်။

Global Hand Washing Day ကို ဂုဏ်ပြုသောအားဖြင့် အောက်တိုဘာလအတွင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်းတို့၌ ကျင်းပခဲ့ပြီး အောက်တိုဘာ ၂၂ ရက်တွင် Health Communication Forum ကို စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ အမျိုးသားကျန်းမာရေးပြတိုက်၌ ကျင်းပခဲ့ရာ တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကြောင်းအရာများနှင့် ဗဟုသုတများကို ဟောပြောခဲ့ကြသည်။

Global Hand Washing Day ကို နိုဝင်ဘာ ၄ ရက်နှင့် ၈ ရက်တို့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်းရှိ မောင်ကြီးတောင် အခြေခံပညာမူလတန်းကျောင်းနှင့် ထင်ရှားပြင် အခြေခံပညာမူလတန်းကျောင်း၊ စစ်တွေမြို့နယ် ပြည်တော်သာရပ်ကွက် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၊ ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကိုကြီးသာ)**

# အန္တရာယ်မလွယ်နိုင်၍ သန့်စင်ခန်းအသွား ကလေးပါ မီးဖွားခဲ့

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်မြို့ ညောင်ပင်လေးဈေးအနီးရှိ Private Market ၌ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီခန့်က အမျိုးသမီးတစ်ဦး သန့်စင်ခန်းအသွား ကလေးမွေးဖွားခဲ့ကြောင်း သိရသည်။

အဆိုပါအမျိုးသမီးမှာ Private Market ရှိ သကြားဆိုင်တစ်ခုတွင် အလုပ်လုပ်သည့်လုပ်သားတစ်ဦးဖြစ်ပြီး အဆိုပါဈေးမှ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးမှုကြောင့် ယခုအချိန်တွင် ကျန်းမာစွာဖြင့် ရှိနေကြောင်း သိရသည်။

"ဒီမှာ ကလေးမွေးတာဟုတ်ပါတယ်။ ကလေးရော မိခင်ရော အခုဆေးရုံမှာပါ။ ကျန်းကျန်းမာမာရှိနေကြပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။ မွေးဖွားသည့်ကလေးမှာ ယောကျ်ားလေးဖြစ်ပြီး ၇ ပေါင် ၅ အောင်စရှိကြောင်း သိရှိရသည်။

(၆၈၀)

## နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# ဖူကူရှီးမားဒိုင်အိချိ နျူးစက်ရုံဝန်းကျင်ရှိ ရေထုအရည်အသွေး စိတ်ချရကြောင်း ဂျပန်တာဝန်ရှိသူတစ်ဦး သောက်သုံးပြ

**တိုကျို နိုဝင်ဘာ ၁**

ဖူကူရှီးမား ဒိုင်အိချိနျူကလီးယားဓာတ်အားပေးစက်ရုံဝန်းကျင်ဒေသအတွင်း ရေထုအရည်အသွေး စိတ်ချရခြင်းရှိ၊ မရှိ သက်သေပြရန် သတင်းစာဆရာများက စိန်ခေါ်ခဲ့ပြီးနောက် ဂျပန်လွှတ်တော်အမတ်တစ်ဦးသည် အဆိုပါနျူကလီးယားဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ ရေအိုင်တစ်အိုင်မှ ရေကို ခပ်ယူသောက်သုံးပြခဲ့ကြောင်း နိုဝင်ဘာ ၁ ရက်သတင်းများတွင် ဖော်ပြသည်။

ဂျပန်အစိုးရအဖွဲ့ရုံးဆိုင်ရာ ပါလီမန်အတွင်းဝန် ယာဆူအီရိုဆိုနိုဒါသည် ရေကို သောက်သုံးပြစဉ်အတွင်း စိတ်လှုပ်ရှားနေပုံပေါ်ကြောင်း ရုပ်မြင်သံကြားမှတစ်ဆင့် ရိုက်ကူးထုတ်လွှင့်ပြသမှုအား ကိုးကား၍ သတင်းများတွင် ဖော်ပြသည်။

ပါလီမန်အတွင်းဝန် ဆိုနိုဒါသောက်သုံးပြခဲ့သော ရေကို ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံ ဓာတ်ပေါင်းဖိုအဆောက်အအုံများအောက်ခြေရှိ ရေထုအရည်အသွေးသန့်စင်ပြီးဖြစ်သော ရေအိုင်မှ ခပ်ယူခဲ့ခြင်းဖြစ်သည်။

သို့ရာတွင်း ယင်းရေအိုင်မှ ရေကို လူများသောက်သုံး သုံးစွဲရန်အတွက် ပုံမှန်အားဖြင့် ခွင့်ပြုထားခြင်းမရှိသေးပေ။

ဓာတ်ရောင်ခြည်သန့်စင်ပြီးဖြစ်သောရေကို သောက်သုံးပြရုံမျှဖြင့် ဖူကူရှီးမားဒိုင်အိချိနျူကလီးယား ကပ်ဘေးသင့်ဒေသမှ ရေထု၏ စိတ်ချလုံခြုံမှုအား အတည်မပြုနိုင်ကြောင်း၊ အများပြည်သူသိသင့်သိထိုက်သော အချက်အလက်များကို တင်ပြပေးခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ဆိုနိုဒါက ပြောကြားခဲ့သည်။



**ဂျပန်ပါလီမန်အတွင်းဝန် ယာဆူအီရိုဆိုနိုဒါ ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ ရေအိုင်တစ်အိုင်မှ ရေကို သောက်သုံးပြစဉ်။**

ဂျပန်နိုင်ငံ၏ မတ် ၁၁ ရက် ငလျင်နှင့်ဆူနာမီ ကပ်ဘေးများကြောင့် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံသည် ဓာတ်အားပြတ်တောက်မှု၊ ဓာတ်ပေါင်းဖိုများအတွင်းပိုင်း အပူချိန်လွန်ကဲမှုနှင့် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ရပြီး ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များ ယိုစိမ့်ထွက်ပေါ်လာကာ ပတ်ဝန်းကျင်ဒေသများသို့ ပျံ့နှံ့ခဲ့ရသည်။

ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်သက်ရောက်မှုဖြစ်ပေါ်ခဲ့ရာ ဒေသများအား အပြည့်အဝသန့်စင်မှုပြုလုပ်နိုင်ရန် ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူရဖွယ်ရှိသည်။ **အင်တာနက်။**

# လူလိုက်ပါခြင်းမရှိသော အာကာသယာဉ် တရုတ်နိုင်ငံ အောင်မြင်စွာ လွှတ်တင်

**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်နိုင်ငံသည် လူလိုက်ပါခြင်းမရှိသောအာကာသယာဉ်တစ်စင်းကို နိုဝင်ဘာ ၁ ရက်က အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ ယင်းနိုင်ငံ၏ ပထမဆုံးသော အာကာသစခန်းထူထောင်ဖွင့်လှစ်နိုင်ရန်ရည်မှန်းချက်ကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ရှင်ကျိူ့-၈ ဟုအမည်ပေးထားသော အာကာသယာဉ်ကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂိုဘီသဲကန္တာရရှိ အာကာသစခန်းမှ လွှတ်တင်ခဲ့ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ရှင်ကျိူ့-၈ အာကာသယာဉ်သည် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၂၀၀ ခန့်အကွာ၌ ယင်းအားသယ်ဆောင်လာသော လောင်းမတ်ချ်-၂ အက်ဖ်ဒုံးပျံယာဉ်နှင့် ခွဲခွာခဲ့သည်။

ရှင်ကျိူ့-၈ အာကာသယာဉ်သည် ရက်အနည်းငယ်အတွင်း ထျင်ဂေါင်-၁ မိုဂျူးယာဉ်နှင့် ချိတ်ဆက်နိုင်မည်ဟု မျှော်လင့်သည်။ အဆိုပါ မိုဂျူးယာဉ်သည် ကမ္ဘာကိုလှည့်ပတ်နေပြီးဖြစ်သော အာကာသယာဉ်တစ်စင်းဖြစ်သည်။

ယင်းကဲ့သို့ အာကာသယာဉ်နှစ်စင်းပေါင်းဆုံခြင်း ဖြစ်စဉ်သည် တရုတ်နိုင်ငံ၏ ပထမဆုံးအကြိမ် စမ်းသပ်မှုဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။



**ရှင်ကျိူ့-၈ အာကာသယာဉ်ကို လွှတ်တင်ခြင်းမပြုမီ အာကာသစခန်းသို့သယ်ယူပို့ဆောင်နေစဉ်။**

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ အာကာသစခန်းယာဉ်ကို ဖွင့်လှစ်ရန်မျှော်မှန်းထားပြီး ရှင်ကျိူ့-၈ အာကာသယာဉ်က မိုဂျူးယာဉ်နှင့် ချိတ်ဆက်သည့် စမ်းသပ်မှုသည် အရေးကြီးသောစမ်းသပ်မှုဖြစ်မည်ဖြစ်သည်။

အကယ်၍ ယင်းစမ်းသပ်ချက် အောင်မြင်ပါက တရုတ်နိုင်ငံသည် လာမည့်နှစ်တွင် နောက်ထပ်အာကာသယာဉ်နှစ်စင်းကို ဆက်လက်လွှတ်တင်ကာ အာကာသယာဉ်နှင့် မိုဂျူးယာဉ်ချိတ်ဆက်သည့် စမ်းသပ်မှုများကို ထပ်မံပြုလုပ်သွားမည်ဖြစ်သည်။ **ဆင်ဟွာ။**

# အီရတ်မှ တပ်ဖွဲ့များ ရုပ်သိမ်းပြီးနောက် ပါရှန်ပင်လယ်ကွေ့၌ အမေရိကန်စစ်အင်အားတိုးမြှင့်မည်

**ဝါရှင်တန် နိုဝင်ဘာ ၁**

ယခုနှစ်အတွင်း အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းပြီးနောက် ဒေသတွင်း၌ အမေရိကန်နိုင်ငံ၏ စစ်ရေးတည်ရှိမှုကို ထိန်းသိမ်းနိုင်ရန် ပါရှန်ပင်လယ်ကွေ့ဒေသတွင် ယင်းနိုင်ငံ၏ တပ်ဖွဲ့ဝင်များကို တိုးမြှင့်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

ဒေသဆိုင်ရာစစ်ရေး နေရာယူမှုအစီအစဉ်အရ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များကို ရုပ်သိမ်းပြီးနောက် ကူဝိတ်နိုင်ငံတွင် အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များကို တိုးမြှင့်ဖြန့်ကြက်မည်ဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

အီရတ်တွင်လုံခြုံရေးအရ လစ်ဟာမှုဖြစ်ပေါ်ချိန်တွင် အီရန်နိုင်ငံနှင့် စစ်ရေးအရထိပ်တိုက်တွေ့မှု အလားအလာကို ဟန့်တားနိုင်ရန် ပင်လယ်ကွေ့ဒေသ၌အမေရိကန်၏စစ်အင်အားကို တိုးမြှင့်မည်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။

အီရတ်နိုင်ငံ၌ ကျန်ရှိနေဆဲဖြစ်သော အမေရိကန်တပ်ဖွဲ့ဝင်များကို ယခုနှစ်ကုန် နောက်ဆုံးထား၍ ရုပ်သိမ်းရန် သမ္မတဘားရက်အိုဘားမားက အောက်တိုဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အီရတ်မှ အမေရိကန်တပ်ဖွဲ့ရုပ်သိမ်းသွားမည်ဆိုပါက အကျိုးဆက်တစ်ရပ်အဖြစ် လုံခြုံရေးအရ တည်ငြိမ်မှုကင်းမဲ့လာနိုင်သည်ဟု ပင်လယ်ကွေ့ဒေသရှိနိုင်ငံများ၊ အမေရိကန်စစ်ရေးနှင့် နိုင်ငံရေးဆိုင်ရာ တာဝန်ရှိသူများအတွက် စိုးရိမ်မှုများပေါ်ထွက်ခဲ့သည်။ **ဆင်ဟွာ။**



❍ ကျောဖုံးမှ

**ဆုံးဖြတ်ခဲ့သော ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက်ပေးပို့ခြင်းမပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သံသယရှိသောကိစ္စများ ပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ရန်ဟူသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်သော်လည်းကောင်း ညီညွတ်မှုမရှိပါသဖြင့် ကန့်ကွက်ခွင့်ပြုနိုင်ပါရန်နှင့် အထက်ပါ ဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးနိုင်ပါရန်** အဆိုကို တင်သွင်းရာတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပေးရေးနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းသည် အဆိုတစ်ရပ်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၆၀ တွင် မည်သူတို့က အဆိုတင်သွင်းနိုင်ခြင်း၊ နည်းဥပဒေများ ၆၁ တွင် မည်သို့ အဆိုတင်သွင်းရမည်ဖြစ်ကြောင်းကို ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် မည်သည့်ကိုယ်စားလှယ်ကမျှ အဆိုအဖြစ်တင်သွင်းထားခြင်းမဟုတ်သဖြင့် ဥပဒေ၊ နည်းဥပဒေများဖြင့် မညီညွတ်ပါကြောင်း။

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ အခန်း(၆)၊ ပုဒ်မ ၄၂၊ ၄၄၊ ၄၅တို့အရ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုခွင့်အာဏာရှိပါကြောင်း၊ ထိုဥပဒေကြမ်းများကို လွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၁၀၆ အရ နိုင်ငံတော်သမ္မတထံသို့ပေးပို့ရမည်ဟုသာလျှင် ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ တွင် ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ အခန်း(၃)၊ ပုဒ်မ ၁၂ တွင် ခုံရုံး၏ လုပ်ငန်းတာဝန်များကိုပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းထားသည့် ဥပဒေများကိုသာလျှင် ခုံရုံးနည်းဥပဒေ ၃(ခ)နှင့် ၃(ဇ)တို့အရ ခုံရုံးက လက်ခံဆောင်ရွက်ခွင့်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်နာယက၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဥပဒေကြမ်းများကို စိစစ်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းသည် ခုံရုံးဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့် ဆုံးဖြတ်ချက်ဖြစ်ပါကြောင်း။**

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုရေးကို အကောင်အထည်ဖော်သည့် တာဝန်အား ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၆)ပါ ခုံရုံး၏ စီရင်ဆုံးဖြတ်ရေးကဏ္ဍကို ဖော်ဆောင်ရသည့်တာဝန်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် နာယက၏ ဆုံးဖြတ်ချက်သည် ဥပဒေပြုရေးကိစ္စဆောင်ရွက်ရာတွင် ခုံရုံး၏စီရင်ဆုံးဖြတ်ရေးကဏ္ဍကို ထည့်သွင်းလိုက်ခြင်းဖြစ်သည်ဟု သဘောထားရရှိပါကြောင်း၊ ဥပဒေကြမ်းများတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သံသယရှိသောကိစ္စများ ပေါ်ပေါက်လာပါက ပြည်ထောင်စုလွှတ်တော်သို့သာ တင်ပြပြီး ညှိနှိုင်းဆောင်ရွက်ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးနောက် အငြင်းပွားမှုများပေါ်ပေါက်သောအခါမှသာ ခုံရုံးသို့တင်သွင်းပြီး ခုံရုံးကစီရင်ဆုံးဖြတ်ပေးရမည်ဖြစ်ပါကြောင်း၊ ခုံရုံးသို့ တင်သွင်းခွင့်ရှိသူများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ နှင့် ၃၂၆ တို့တွင် ပြဋ္ဌာန်းထားပါကြောင်း။

**ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ရန် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သော်လည်းကောင်း၊ အခြားသက်ဆိုင်သည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်သော်လည်းကောင်း ညီညွတ်မှုမရှိသဖြင့် ယင်းဆုံးဖြတ်ချက်အား ကန့်ကွက်သင့်ကြောင်းနှင့်ပယ်ဖျက်သင့်ကြောင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက စိစစ်တွေ့ရှိရပါကြောင်း။**

သို့ဖြစ်၍ ယခုအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၊ မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း၊ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုတို့က ဆွေးနွေးကြရာတွင် ယင်းကိစ္စသည် အဆိုအဖြစ် စနစ်တကျ တင်သွင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ပြီး ထောက်ခံသူ၊ အကြံပြုသူ၊ ဆွေးနွေးသူများလည်း ရှိရမည်ဖြစ်ပါကြောင်း၊ ထိုသို့ မဆောင်ရွက်ခဲ့သည့်အတွက် ဥပဒေအကြောင်းခြင်းရာအရ မှားယွင်းပါကြောင်းနှင့် သို့ဖြစ်၍ ၎င်းနေ့ ပြည်ထောင်စုလွှတ်တော်၏အစီအစဉ် (၁၃)ပါ ဆုံးဖြတ်ချက်အား ကန့်ကွက်ခွင့်ပြုရန်နှင့် ပယ်ဖျက်ရန် လိုအပ်ကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ အဆိုရှင်ဒေါက်တာစိုးရင်၏အဆိုကို လွှတ်တော်ကအတည်ပြုပြီး သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**ယနေ့ အဆိုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အတွင်း၌ ဒီမိုကရေစီကျင့်စဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၌ ဆုံးဖြတ်ခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ဂုဏ်သိက္ခာကိုထိခိုက်စေသည်ဟုဆိုနိုင်သော်လည်း ယခုကဲ့သို့ အဆိုတင်သွင်းဆွေးနွေးမှုပြုလုပ်နိုင်ခြင်းသည်ပင်လျှင် နိုင်ငံတော်နှင့်လွှတ်တော်၏ ဂုဏ်သိက္ခာ ပြန်လည်ရရှိသည်ဟု ယူဆရမည်ဖြစ်ပါကြောင်း**ဖြင့် ပြောကြားသည်။

**မေးခွန်းများမေးမြန်းခြင်းကဏ္ဍ**တွင် မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၏ **မိုင်းကိုင်မြို့နယ်နှင့် အခြားပတ်ဝန်းကျင်မြို့နယ်များ၌ CDMA (သို့မဟုတ်) GSM ဖုန်းများ ချထားပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်က ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့တွင် လိုင်းအင်အား (၂၀၀)ပါဝင်သော လက်လှည့်အိတ်ချိန်း တပ်ဆင်ထားပြီး တယ်လီဖုန်း(၁၉၉)လုံး တပ်ဆင်ထားရှိပါကြောင်း၊ အဆိုပါအိတ်ချိန်းမှ အဝေးဆက်သွယ်မှုရရှိရန်အတွက် ရင်ကွဲတောင်မိုက္ကရိုဝေ့ဗ်စခန်းမှတစ်ဆင့် Cordless ဖုန်းဖြင့်တပ်ဆင်ထားသော ပင်လုံအော်တိုတယ်လီဖုန်းနှင့် MPT Satellite Terminal တယ်လီဖုန်းတို့ဖြင့် ဆက်သွယ်ဆောင်ရွက်ပြီး ကြေးနန်းလုပ်ငန်းသုံးတယ်လီဖုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသုံးတယ်လီဖုန်းတို့အားတပ်ဆင်၍ အသုံးပြုလျက်ရှိပါကြောင်း။

အဆိုပါတယ်လီဖုန်းများအား မြို့လျှပ်စစ်မီးရရှိမှုအခြေအနေ၊ သုံးစွဲမှုလိုအပ်ချက် အပေါ်မူတည်၍ ဖွင့်လှစ်အသုံးပြုလျက်ရှိပြီး လိုအပ်ချက်ရှိပါက (၂၄)နာရီ ဖွင့်လှစ်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိုင်းကိုင်မြို့တွင်း၌ ပုဂ္ဂလိက MPT Satellite Terminal ဖုန်းများလည်း တပ်ဆင်ထားရှိသည့်အတွက် တယ်လီဖုန်းခေါ်ဆိုလိုသူများအနေဖြင့် အဆိုပါဖုန်းများမှလည်း ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ပါကြောင်း၊ **မိုင်းကိုင်မြို့ CDMA-450 MHz တယ်လီဖုန်းလိုင်း(၄၀၀)တပ်ဆင်ခြင်းလုပ်ငန်းအတွက် စက်ပစ္စည်းများအား အောက်တိုဘာလကုန်တွင် ပို့ဆောင်တပ်ဆင်မည်ဖြစ်ပြီး Transmission တပ်ဆင်ခြင်းလုပ်ငန်းအား နိုဝင်ဘာတွင်ဆောင်ရွက်မည်ဖြစ်ရာ ဒီဇင်ဘာတွင် မိုင်းကိုင်မြို့၌ CDMA-450 MHz တယ်လီဖုန်းများ စတင်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြန်လည်ဖြေကြားသည်။

အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့်၏ **သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော စက်မှုဇုန်များမှ အချို့စက်ရုံများ၏ စွန့်ပစ်ရေများတွင် ဓာတုဓာတ်များပါဝင်နေသဖြင့် ၎င်းဓာတုဓာတ်များကို အသေအချာစစ်ထုတ်ပြီး စွန့်ပစ်ခြင်းကို သုတေသနအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ စက်ရုံ/အလုပ်ရုံများကို နှစ်စဉ်စစ်ဆေးမှု ဆောင်ရွက်လျက်ရှိသည့်အပြင် စက်ရုံအသစ်များမှတ်ပုံတင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို တစ်ပါတည်းထည့်သွင်းပြီး စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနရှိ စက်ရုံ/အလုပ်ရုံများအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနမှူး ခေါင်းဆောင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သည် စက်ရုံများသို့ အခါအားလျော်စွာ လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း စက်ရုံ/အလုပ်ရုံများအသစ်တည်ထောင်ရာတွင် Environmental Impact Accessment (EIA),Social Impact Access(SIA) စသည့် အချက်များကို ထည့်သွင်းစဉ်းစားစိစစ်ပြီးမှသာ ခွင့်ပြုပေးလျက်ရှိပါကြောင်း။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရှိ စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီသည် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်မှုဇုန်တာဝန်ခံများဖြစ်ကြသည့် သက်ဆိုင်ရာအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်များနှင့်ညှိနှိုင်းပြီး သစ်ပင်များပြန်လည်စိုက်ပျိုးရေး၊ စွန့်ပစ်ရေဆိုးများကို ပြန်လည်သန့်စင်မှုဆောင်ရွက်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ပါးစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာစက်မှုကုန်ထုတ်လုပ်သူများအသင်းအနေဖြင့် စက်မှုဇုန်များရှိ စက်ရုံ /အလုပ်ရုံများမှ ဝန်ထမ်းများအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်(၂၁)ဦးပါဝင်သည့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းပြီး စက်ရုံ/အလုပ်ရုံများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့်ရေဆိုးများကို စနစ်တကျစွန့်ပစ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ မြစ်ရေ၊ ချောင်းရေများ ညစ်ညမ်းမှုမဖြစ်စေရန် ပတ်ဝန်းကျင်စွန့်ထုတ်အရည် စံချိန်စံညွှန်းသတ်မှတ်ပြဋ္ဌာန်းရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(မူကြမ်း)တွင် ထည့်သွင်းရေးဆွဲပြီးဖြစ်ပါ၍ ပြဋ္ဌာန်းပြီးသည့်အခါ အဆိုပါဥပဒေအရ ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **အင်းလေးဒေသအတွက် ENTRANCE FEES ကို မည်သို့ မည်ပုံ စီမံခန့်ခွဲနေသည်နှင့် အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းရပ်များတွင် အဓိကထားပြီးအသုံးပြု၍ ရနိုင်/မရနိုင်ဆိုသည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို သဘာဝနယ်မြေသတ်မှတ်ကာ ထိန်းသိမ်းလျက်ရှိပါကြောင်း၊ အဆိုပါနယ်မြေသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှုမှုအတွက် သစ်တောဦးစီးဌာနက မည်သည့်အခွန်အခမျှကောက်ခံခြင်းမရှိပါကြောင်း၊ ဇုန်ဝင်ကြေးအဖြစ် ပြည်နယ်အစီအမံဖြင့်သာ ကောက်ခံမှုရှိသည်ကိုသိရှိရပါကြောင်း။

အင်းလေးကန်မတိမ်ကောစေရေးနှင့် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရန်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ENTRANCE FEES ကို အသုံးပြုရေးသည်



ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ မေးမြန်းစဉ်။ (သတင်းစဉ်)

သက်ဆိုင်သည့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းက ညှိနှိုင်းဆုံးဖြတ်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံအဆင့်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်များ ရေးဆွဲပြီး နိုင်ငံတော်၏ဘဏ္ဍာငွေခွဲဝေချထားပေးမှုအပြင် နိုင်ငံတကာအစိုးရဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ထိန်းသိမ်းရေးလုပ်ငန်းအတွက် နည်းပညာ၊ ငွေကြေးအကူအညီအထောက်အပံ့များ ရှာဖွေကာ အင်းလေးကန် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးလုပ်ငန်းစီမံကိန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက လျှပ်စစ်ကဏ္ဍဆိုင်ရာမေးခွန်း(၆)ခုကို မေးမြန်းခဲ့ရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြန်လည်ဖြေကြားသည်။

သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး၏ **ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာတွင် ၁၉၉၅ ခုနှစ် နောက်ပိုင်း သစ်သားလျှပ်စစ်မီးတိုင်များပြိုလဲပျက်စီးခဲ့ပြီး လျှပ်စစ်မီးရရှိမှုပြတ်တောက်ခဲ့သဖြင့် လျှပ်စစ်မီး ပြန်လည်ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် **သန်လျင်မြို့နယ်အပါအဝင် ရန်ကုန်(တောင်ပိုင်း)ခရိုင်အတွင်းရှိ မြို့နယ်(၈)မြို့နယ်မှ ကျေးရွာအုပ်စု(၄၃)ခုတွင် ကျေးလက်ဒေသမီးလင်းရေး ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်အတွက် ၁၉၉၂ ခုနှစ်တွင် နိုင်ငံတော်က (၁၀၀) ကေဗွီအေ ထရန်စဖော်မာနှင့် (၁၁)ကေဗွီ ဓာတ်အားလိုင်း(၉ ဒသမ ၅)မိုင်အတွက် လိုအပ်သော လိုင်းကြိုး၊ ကြွေသီးများကျခံပြီး ကျေးရွာပြည်သူလူထုက ဓာတ်တိုင်နှင့်သစ်သား လက်တန်းများကို ကိုယ့်အားကိုယ်ကိုး စိုက်ထုတ်တည်ဆောက် ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ၂၅-၄-၂၀၀၂ ရက်တွင် လေပြင်းဒဏ်ခံရသည့်အတွက် မူလကတည်ဆောက်စဉ် အသုံးပြုခဲ့သောတိုင်(၂၄၇)တိုင်အနက် (၁၉၇)တိုင်ပျက်စီးပြီး ကျေးရွာက ဓာတ်တိုင်ပြန်လည်အစားထိုးစိုက်ထူမှု မပြုလုပ်နိုင်သည့်အတွက် ဓာတ်အားလိုင်းကြိုးများကို ဌာနကသိမ်းဆည်းထားခဲ့ပါကြောင်း။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေဖြင့် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ နှင့်အစားထိုးတပ်ဆင်ရေးလုပ်ငန်းများကို ရန်ပုံငွေခွင့်ပြုနိုင်မှုအခြေအနေအရ ဦးစားပေးဆောင်ရွက်လျက်ရှိရာ ယခု ဝါးဘလောက်သောက်ကျေးရွာ



ပြန်လည် ဖြေကြား

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။**
(သတင်းစဉ်)

အတွက် ဓာတ်တိုင်များပြန်လည်အစားထိုးတည်ဆောက်မှုကိုလည်း ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍** လောလောဆယ်တွင် တောင်ပိုင်းခရိုင်အတွင်း ကျေးရွာမီးလင်းရေး ဆောင်ရွက်ဆဲကျေးရွာ (၂၂)ရွာရှိပါကြောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ဓာတ်အားဖြန့်ဖြူးရေးစနစ် တိုးချဲ့တည်ဆောက်အကောင်အထည်ဖော်ရာတွင် ကျေးရွာမီးလင်းရေးကိစ္စရပ်များကိုလည်း နှစ်စဉ်ခွင့်ပြုရရှိသောရန်ပုံငွေအခြေအနေအရ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရန်ပုံငွေခွင့်ပြုအနေအထားအရ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေထက် ဆောလျင်စွာရရှိလိုပါက ပြည်သူလူထု၏သဘောတူညီချက်ရှိပြီး ခိုင်ခိုင်မာမာဖွဲ့စည်းထားသောကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းကာ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ရုံးများမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပါကြောင်း။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ကျေးရွာမီးလင်းရေးအတွက် မူဘောင်သတ်မှတ်ချက်များနှင့်ကိုက်ညီသော ကျေးရွာမီးလင်းရေးများကို ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပြီး လိုအပ်သောနည်းပညာပိုင်းများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လမုကျေးရွာပါ (၁၀)အုပ်စုအား ကျေးလက်ဒေသမီးလင်းရေးအစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ထန်းတပင်မြို့နယ် ပရွတ်ကျေးရွာ၊ လမုကျေးရွာ၊ စန္ဒယော်ကျေးရွာ၊ ရေစိုကျေးရွာ၊ မငေးကျေးရွာ၊ မရွှေဥကျေးရွာနှင့် ပန်းတိုင်ကျေးရွာတို့အား (၃၃)ကေဗွီ လှိုင်သာယာ-ညောင်တုန်းဓာတ်အားလိုင်းမှ လည်းကောင်း၊ ဒိတ်ကုန်းနှင့်ထိန်နှစ်ပင်ကျေးရွာတို့အား (၃၃)ကေဗွီ လှိုင်သာယာ-ရွှေလင်ပန်း (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားလိုင်းမှလည်းကောင်း ဆက်သွယ်ဓာတ်အားပေးရမည်ဖြစ်သဖြင့် စုစုပေါင်း(၃၃)ကေဗွီ ဓာတ်အား လိုင်း(၁၀)မိုင်ခန့်နှင့်(၃၃/၀ ဒသမ ၄)ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံး၊ (၁၆၀) ကေဗွီအေ ထရန်စဖော်မာ(၂)လုံး၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၃)လုံးနှင့် (၃၁၅)ကေဗွီအေ ထရန်စဖော်မာ(၃)လုံး စုစုပေါင်းထရန်စဖော်မာ(၉)လုံးအပြင် အဆိုပါထရန်စဖော်မာအသီးသီးမှ ဓာတ်အား ရယူသုံးစွဲလိုသူများ၏နေအိမ်များသို့ ရောက်ရှိအောင် ဗို့(၄၀၀)နှင့်(၂၃၀)ဗို့စသည့် ဗို့အားနိမ့်ဓာတ်အားလိုင်းများကိုလည်း သက်ဆိုင်ရာရွာများရှိ ရွာတွင်းလမ်းအခြေအနေအရ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်ပါကြောင်း။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ဓာတ်အားဖြန့်ဖြူးရေးစနစ် တိုးချဲ့တည်ဆောက် အကောင်အထည်ဖော်ရာတွင် ကျေးရွာမီးလင်းရေးကိစ္စရပ်များလည်း နှစ်စဉ်ခွင့်ပြုရရှိသောရန်ပုံငွေအခြေအနေအရ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရန်ပုံငွေခွင့်ပြုအနေအထားအရ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေထက် ဆောလျင်စွာရရှိလိုပါက ပြည်သူလူထု၏သဘောတူညီချက်ရှိပြီး ခိုင်ခိုင်မာမာဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးများမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ **ဝန်ကြီးဌာနအနေဖြင့် ကျေးရွာမီးလင်းရေးအတွက် မူဘောင်သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကျေးရွာမီးလင်းရေးများကိုဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပြီး လိုအပ်သောနည်းပညာပိုင်းများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း၏ **မော်လိုက်မြို့တွင် လျှပ်စစ်မီးပေးနိုင်ရေးအတွက် (၁၅၀) ကေဗွီအေ ဒီဇယ်သုံးအင်ဂျင်စက်(၁)လုံးကို အစိုးရက ဝယ်ယူအင်အားဖြည့်စွက်ပေးနိုင်ခြင်း ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့အား (၆၀၈)ကေဗွီအေ စကိုဒါ ဓာတ်အားပေးစက်(၁)လုံး၊ (၃၀၀) ကေဗွီအေ ကမ်းမင်းဓာတ်အားပေးစက်(၁)လုံး၊ (၇၅)ကေဗွီအေ နီဆန်းဓာတ်အားပေးစက် (၁)လုံးနှင့် (၂၅)ကေဗွီအေ နီဘန်ဓာတ်အားပေးစက်(၁)လုံးတို့ဖြင့် မီးသုံးသူ (၆၀၉)ဦးအား လစဉ်ဒီဇယ်ဆီ ဂါလန်(၁၂၅၀)ဖြင့် လက်ရှိတွင် တစ်ရက်လျှင်(၂)နာရီခွဲခန့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ထမံသီရေအားလျှပ်စစ်စီမံကိန်းနှင့် မော်လိုက်ရေအားလျှပ်စစ်စီမံကိန်းများနှင့်ဆက်စပ်၍ ထမံသီ-ဖောင်းပြင်-မော်လိုက်-ကလေးဝ-မုံရွာ မဟာဓာတ်အားလိုင်းစီမံကိန်းများ ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါကြောင်း၊ ထိုစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက မော်လိုက်မြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ **အဆိုပါစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးမီကာလအတွင်း မော်လိုက်မြို့တွင် လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွင်း (၅၀၀)ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်အသစ်(၁)လုံးအား ထပ်မံဖြည့်ဆည်းပေးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း၏ **ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းမြို့နယ်ခွဲတွင် ဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျောက်ကြီးမြို့နယ် မုန်းမြို့နယ်ခွဲတွင် (၁၀၀)ကေဗွီအေ စကိုဒါဓာတ်အားပေးစက်(၁)လုံး၊ (၃၆)ကေဗွီအေ စကိုဒါဓာတ်အားပေးစက်(၁)လုံးတို့ဖြင့် မီးသုံးသူ(၂၆၃)ဦးတို့အား နေ့စဉ် (၂)နာရီခန့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

မုန်းမြို့နယ်ခွဲသို့ ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဖြူးမြို့ရှိ (၃၃/ ၁၁)ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံမှတစ်ဆင့် (၁၁)ကေဗွီအေ ဓာတ်အားလိုင်းအသစ် (၁၉)မိုင်

**စာမျက်နှာ ၇ ကော်လံ ၁ သို့◆**

◆စာမျက်နှာ ၆ မှ

တည်ဆောက်ပြီး မုန်းမြို့အတွင်း (၁၁/၀ ဒသမ ၄)ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာ(၃)လုံးနှင့် ဗို့(၄၀၀) ဓာတ်အားလိုင်း(၃ ဒသမ ၁၈)မိုင် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်လျာထားမှု ဦးစားပေးအစီအစဉ်ပေါ်မူတည်ပြီး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး၏ **ပျဉ်းမနားမြို့နယ်အရှေ့ပိုင်း တောင်ပေါ်ဒေသ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မည်သို့စီစဉ်ပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပျဉ်းမနားမြို့နယ်အရှေ့ပိုင်း တောင်ပေါ်ဒေသလျှပ်စစ်ဓာတ်အားရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ နန်ချိုရေအားလျှပ်စစ်စီမံကိန်းတို့နှင့် ဆက်စပ်၍ စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းများသည် နိုင်ငံတော်ဓာတ်အားစနစ်သို့ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းနှင့်ပို့လွှတ်ရမည်ဖြစ်ပြီး ဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားခွဲရုံများကိုပါ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် ထိန်ပင်ကျေးရွာအုပ်စု ဖိုကုန်းကျေးရွာသို့ (၃၃)ကေဗွီဓာတ်အားလိုင်း မိုင်(၆၀)တည်ဆောက်ခြင်း၊ ဖိုကုန်းတွင် (၃၃/၁၁)ကေဗွီ (၂) အမ်ဗွီအေ ဓာတ်အားခွဲရုံ (၁)ခုတည်ဆောက်ခြင်းနှင့် ၎င်းခွဲရုံမှရွာကြီးသို့ (၁၁)ကေဗွီဓာတ်အားလိုင်း မိုင်(၃၀)တည်ဆောက်ခြင်း၊ လိန်းလီသို့ (၁၁)ကေဗွီဓာတ်အားလိုင်း(၁၀)မိုင် တည်ဆောက်ခြင်းတို့ဖြင့် ဖိုကုန်းကျေးရွာအနီးတစ်ဝိုက် မိုင်(၂၀)ဝန်းကျင်သို့ ဓာတ်အားဖြန့်ဖြူးရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရေအားလျှပ်စစ်စီမံကိန်းများနှင့် ဆက်စပ်၍ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး နည်းပညာ၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပူးပေါင်းတည်ဆောက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဓာတ်အားစနစ်မှဝေးကွာသော အခြားတောင်ပေါ်ဒေသရှိ ကျေးရွာများကိုလည်း လတ်တလောအခြေအနေအရ လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစနစ်၊ ဇီဝဓာတ်ငွေ့သုံးစက်ရုံတည်ဆောက်၍ ဓာတ်အားပေးခြင်း၊ ဒီဇယ်ဓာတ်အားပေးစက်တပ်ဆင်၍ ဓာတ်အားပေးခြင်းတို့အား တိုင်းဒေသကြီးနှင့်သက်ဆိုင်ရာဒေသတို့၏အစီအစဉ်ဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်းဖြင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လိုအပ်ပါက နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများအား ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး(၄၅) ရက်မြောက်နေ့ကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

---

❖ **အမျိုးသားလွှတ်တော်မှ**

ဦးရဲမြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းတို့က ယခုအဆိုသည် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေမှုရှိပါကြောင်း၊ ဖောင်ဒေးရှင်းထူထောင်ခွင့်ရရှိပါက ပြည်သူများအတွက် တစ်ထောင့်တစ်နေရာမှ မားမားမတ်မတ် အကူအညီပေးနိုင်မည့်အပြင် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု ထင်မြင်ယူဆမိပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း၏အဆိုကို **“သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းကို တည်ဆဲဥပဒေများနှင့်အညီ ထူထောင်ခွင့်ပြုရန်”** အဆိုဟု ပြင်ဆင်ပြီး မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒရယူရာ လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၄၀)နှင့်အထက်ရှိသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ**တွင် **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးမန်းအောင်တင်မြင့်က ရှင်းလင်းတင်ပြပြီး လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုဆောင်ရွက်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြစ်သည့် အခန်း (၁)၊ အပိုဒ် ၂ (ခ)၊ အပိုဒ် ၂(စ)၊ အပိုဒ် ၂(ဇ)၊ အခန်း (၂)၊ အပိုဒ် ၃၊ အခန်း (၃)၊ အပိုဒ် ၆(ဂ)၊ အခန်း (၄)၊ အပိုဒ် ၁၀(က)၊ အပိုဒ် ၁၁၊ အခန်း (၆)၊ အပိုဒ် ၁၆(ခ)၊ အပိုဒ် ၁၆(င)၊ အခန်း(၇)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၂(ဂ)၊ အခန်း (၈)၊ အပိုဒ် ၂၅၊ အခန်း (၁၀)၊ အပိုဒ် ၃၀ တို့နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအတည်ပြုပြီး “ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်” အဆိုနှင့် “ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်” အဆိုတို့ကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် ယင်းအဆိုများ အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က အခန်း (၄)၊ အပိုဒ် ၁၂(စ)ကိုပြင်ဆင်လိုကြောင်း ဆွေးနွေးတင်ပြရာ ယင်းဆွေးနွေးချက်နှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန်ဆုံးဖြတ်သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သော **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း**အား လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြစ်သည့် အခန်း(၁)၊ အပိုဒ် ၂(ဈ)၊ အခန်း (၄)၊ အပိုဒ် ၉(င)၊ အပိုဒ် ၉(စ)၊ အခန်း (၆)၊ အပိုဒ် ၂၁၊ အခန်း (၇)၊ အပိုဒ် ၂၈၊ အပိုဒ် ၄၂၊ အပိုဒ် ၄၉၊ အခန်း (၁၄)၊ အပိုဒ် ၇၈၊ အပိုဒ် ၇၉၊ အပိုဒ် ၈၀ တို့နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး အခန်း (၄)၊ အပိုဒ် ၁၂(စ)အား အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာရန် ဆုံးဖြတ်သည်။

အောက်တိုဘာ ၁၈ ရက်က အမျိုးသားလွှတ်တော်၌ အတည်ပြုခဲ့သည့် **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များမပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို တင်သွင်းခွင့်ပြုရန် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က လွှတ်တော်သို့ တင်ပြထားကြောင်း၊ ဒေါက်တာအေးမောင် အပါအဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၃)ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းပုဒ်မအချို့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ ပုဒ်မ ၄ (ဂ)နှင့် ပုဒ်မ ၅ တို့အား ယှဉ်ထိုးအနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန်ကိစ္စနှင့် စပ်လျဉ်းသည့်တင်ပြချက်အား နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ဆက်လက်တင်ပြပေးမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းပြီး ယင်းဥပဒေကြမ်း တင်သွင်းခွင့်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်မည်ဖြစ်ကြောင်း ကြေညာသည်။



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယနေ့ အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ရပ်နားပြီး အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

---

# အပြုသဘောဆောင်သော ပါဝင်ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိ ၂၀၁၂ ခုနှစ် အစောပိုင်း၌ မြန်မာနိုင်ငံသို့ ထပ်မံလာရောက်နိုင်မည်ဟု မျှော်လင့်

နေပြည်တော် နိုဝင်ဘာ ၁

**အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အောက်တိုဘာ ၁၉ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။**

အဆိုပါအဖွဲ့က ခရီးစဉ်အပြီးတွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ခဲ့ရာ အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့

ပြင်ပဆက်ဆံရေးဌာန

**သတင်းထုတ်ပြန်ချက်**

**ချက်ချင်းထုတ်ပြန်ရန်ဖြစ်သည်။**

**နိုဝင်ဘာလ ၁ ရက်၊ ၂၀၁၁။**

**ပဋိညာဉ်စာချုပ် အပိုဒ် ၈ ပါ လုပ်ငန်းအတွက် မြန်မာနိုင်ငံသို့ သွားရောက်သော မစ်ရှင်အဖွဲ့၏ ခရီးစဉ်အပြီးတွင် ထုတ်ပြန်ချက်**

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ပဋိညာဉ်စာချုပ် အပိုဒ် ၈ ပါ လုပ်ငန်းအတွက် မြန်မာနိုင်ငံသို့သွားရောက်သော မစ်ရှင်အဖွဲ့၏ ခရီးစဉ်အပြီးတွင် ယနေ့ နေပြည်တော်၌ အောက်ပါသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ပါသည်-

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ပဋိညာဉ်စာချုပ် အပိုဒ် ၈၊ အပိုဒ်ခွဲ ၂ (က)၊ အပိုဒ်ခွဲ ၃ နှင့် အပိုဒ်ခွဲ ၄ တို့တွင် ဖော်ပြပါရှိသော ဝတ္တရားများကို မြန်မာနိုင်ငံက လက်ခံဆောင်ရွက်ရန် ရည်ရွယ်လျက် နိုင်ငံတကာ သာမန်ငွေပေးချေမှုများနှင့် ငွေလွှဲပို့မှုများအပေါ် ကန့်သတ်၊ တားမြစ်ချက်များအား ဖယ်ရှားကာ တစ်ခုတည်းသော နိုင်ငံခြားငွေလဲလှယ်နှုန်းအသုံးပြုသည့် နိုင်ငံခြားငွေ လဲလှယ်မှုစနစ်ကို ဆောင်ရွက်သွားနိုင်ရန် စီစဉ်ထားရှိသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ မေတ္တာရပ်ခံချက်အရ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ငွေကြေးဈေးကွက်နှင့် အရင်းအနှီးဈေးကွက်ဌာန၊ ဥပဒေဌာနနှင့် အာရှ-ပစိဖိတ် ဌာနတို့ပါဝင်သော မစ်ရှင်အဖွဲ့သည် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ပဋိညာဉ်စာချုပ် အပိုဒ် ၈ ပါ ပြဋ္ဌာန်းချက်များမှ ဝတ္တရားများကို လက်ခံဆောင်ရွက်သော အဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ သဘောတူခွင့်ပြုချက်မရရှိဘဲ နိုင်ငံတကာ ငွေပေးငွေယူကိစ္စရပ်များအတွက် သာမန်ငွေပေးချေမှုများနှင့် ငွေလွှဲပို့မှုများတို့အပေါ် နိုင်ငံခြားငွေဆိုင်ရာ ကန့်သတ်တားမြစ်ချက်များ သတ်မှတ်ပြဋ္ဌာန်းခြင်းမှ ရှောင်ကြဉ်ရန် သို့မဟုတ် တစ်ပြေးညီမဟုတ်သော ငွေကြေးဖလှယ်မှုအစီအစဉ်များကို ကျင့်သုံးဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရန် သို့မဟုတ် နိုင်ငံခြားငွေ လဲလှယ်နှုန်းအမျိုးမျိုး အသုံးပြုသော ငွေကြေးဖလှယ်မှုအစီအစဉ်များကို ကျင့်သုံးဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရန် တာဝန်ယူဆောင်ရွက်ကြပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ကို စီမံဆောင်ရွက်လျက်ရှိသော ဥပဒေမူဘောင်နှင့် ဈေးကွက်၌ အမှန်တကယ် ကျင့်သုံးဆောင်ရွက်မှုများ၊ အထူးသဖြင့် တည်ဆဲနိုင်ငံခြားငွေဆိုင်ရာ ကန့်သတ်တားမြစ်မှုများနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအမျိုးမျိုးအသုံးပြုသော ငွေကြေးဖလှယ်မှုအစီအစဉ်များတို့နှင့် ပတ်သက်သည့် ပြဿနာဇာစ်မြစ်ကို ကနဦးလေ့လာသုံးသပ်ရန် ဤမစ်ရှင်အဖွဲ့သည် အစိုးရအရာရှိများ၊ ဘဏ်များ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍများတို့မှ ကိုယ်စားလှယ်များအား တွေ့ဆုံခဲ့ပါသည်။ ဤမစ်ရှင်အဖွဲ့အနေဖြင့် ဆွေးနွေးဖက်များအား အပြုသဘောဆောင်သော ပါဝင်ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပါသည်။

မြန်မာအာဏာပိုင်များက အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ပဋိညာဉ်စာချုပ် အပိုဒ် ၈ ပါ ဝတ္တရားများကို လက်ခံဆောင်ရွက်ရန် ရှေးရှု၍ မူဝါဒများ ချမှတ်ဆောင်ရွက်ရာ၌ ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ဤမစ်ရှင်အဖွဲ့သည် ၎င်း၏လုပ်ငန်းကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဌာနချုပ်မှနေ၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ မစ်ရှင်အဖွဲ့သည် ၂၀၁၂ ခုနှစ် အစောပိုင်း၌ မြန်မာနိုင်ငံသို့ ထပ်မံလာရောက်နိုင်မည်ဟု မျှော်လင့်ပါသည်။ (သတင်းစဉ်)

---

# (၂၇၄)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် နိုဝင်ဘာ ၁

**ပြည်တွင်းအခွန်များဦးစီးဌာန၏ အောင်ဘာလေ သိန်းဆုဌာနခွဲမှ (၂၇၄)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၀၀၀)**

ည - ၉၇၃၀၁၂

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀)**

တ - ၃၇၈၅၀၈

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၃၀၀) ဆုများ**

စ - ၉၄၃၀၁၀

င - ၃၅၈၇၇၄

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၂၀၀) ဆုများ**

ခ - ၂၆၂၄၉၇

ဗ - ၃၈၉၃၆၇

ဆ - ၃၃၂၇၄၂

ဓ - ၈၁၉၀၄၆

**ကျပ်သိန်း (၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ**

ခ - ၉၇၀၀၇၃

ဋ - ၉၄၀၅၈၁

ဇ - ၇၉၈၅၃၉

ဍ - ၃၉၂၅၀၇

ဇ - ၇၂၄၀၈၃

ပ - ၄၃၄၈၈၆

ဓ - ၃၁၅၃၉၂

ဇ - ၉၅၃၄၅၉

ဃ - ၁၉၅၃၄၆

ဍ - ၈၆၇၀၁၁

ဘ - ၆၉၆၃၂၁

ဗ - ၂၆၅၄၅၀

ဇ - ၅၉၃၉၇၇

ဆ - ၂၇၅၄၂၀

(သတင်းစဉ်)

---

# (၂၇၅)ကြိမ်မြောက် အောင်ဘာလေသိန်းထီဖွင့်ပွဲ ၂၃၆ ဆု တိုးမြှင့်ပေးမည်

**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည့် (၂၇၅)ကြိမ်မြောက် အောင်ဘာလေသိန်းထီဖွင့်ပွဲတွင် အက္ခရာ ၂၅ လုံး က မှ မ အထိ တိုးမြှင့်ဖွင့်လှစ်သွားမည် ဖြစ်သည်။

ခွဲဝေပေးမည့် ဆုမဲအရေအတွက်မှာ ကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀ သုံး ဆု၊ ကျပ်သိန်း ၂၀၀ ငါးဆုနှင့် မင်္ဂလာစုံတွဲ ကျပ်သိန်း (၁၀၀) ၁၄ ဆု အပါအဝင် ဆုမဲပေါင်း ၁၅၀၀၇ ဆုဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် (၂၇၄)ကြိမ်မြောက် အောင်ဘာလေသိန်းထီဖွင့်ပွဲထက် ဆုမဲပေါင်း ၂၃၆ ဆု တိုးမြှင့်ခွဲဝေပေးမည်ဖြစ်၍ ဆုမဲတန်ဖိုး ၉၈၂ သိန်း ပိုမိုမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

---



**မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဆိုက်ခမ်းကျေးရွာရှိ ရေဘေးသင့်အိမ်ခြေ ၂၇၃ လုံးနှင့် လူဦးရေ ၁၃၈၁ ဦးတို့အတွက် ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ရှောက်တစ်လုံးဆေးနှင့် အလှူငွေကျပ်တစ်သိန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀ ကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် မေခါဝီလမ်းနေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သားဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီးမမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်းနှင့် တူမ မအေးအေးမော်တို့ လှူဒါန်းရာ ဆိပ်ဖြူမြို့နယ်အသင်း(ရန်ကုန်)မှ လက်ခံရယူစဉ်။** (ကြေးမုံ)



**ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

# မြန်မာနိုင်ငံအနေဖြင့် အစိမ်းရောင်စီးပွားရေးသို့ တက်လှမ်းနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၁

**ပထမအကြိမ် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။**

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးတင်နိုင်သိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဝန်ကြီးဌာန ဝန်ကြီး Mr. Erik Solheim၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(IPCC)ဥက္ကဋ္ဌ Prof: Ranjendra K. Pachauri နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အစိုးရဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ သတင်း၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ၊ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ IPCC ဥက္ကဋ္ဌ Prof:Ranjendra K. Pachauri၊ နော်ဝေးနိုင်ငံမှ ဝန်ကြီး Mr. Erik Solheim နှင့် မစ္စတာ ဗီဂျေနမ်ဘီးယားတို့က အမှာစကားပြောကြားကြသည်။

ဤဖိုရမ်ကို အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်နိုင်ရေး၊ လက်တွေ့အကောင်အထည်ဖော်နိုင်မှု နည်းလမ်းများနှင့် လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်ရေးတို့အတွက် ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် သင့်လျော်မည့် အနာဂတ် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလမ်းပြမြေပုံကို ဖော်ဆောင်ချမှတ်ပေးသွားနိုင်မည်ဟု မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အစိမ်းရောင်စီးပွားရေးသို့ တက်လှမ်းနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဖိုရမ်ကိုကျင်းပရာ မွန်းလွဲပိုင်း ပထမပိုင်းအစီအစဉ်တွင် သဘာပတိများအဖြစ် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဦးမြင့်နှင့် ဂျပန်နိုင်ငံ IGES President Mr. Hideyuki Mori တို့က ဆောင်ရွက်ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ခေတ္တပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်စန်းရီက "Strategies and Enabling Conditions Towards Green Economy"၊ အမေရိကန်နိုင်ငံ Stony Brook University-Advanced Energy Center မှ Research Professor & Director International Programmes ဒေါက်တာ နေထွန်းက "Low Carbon Pathways for Green Economy and Green Growth"၊ နော်ဝေးနိုင်ငံ World Wildlife Fund-Climate and Energy Department အကြီးအကဲ Dr. Arild Skedsmo က "Green Economy Key Principles and Strategies-Imperatives for Green Growth"၊ အမေရိကန်နိုင်ငံ နယူးယောက်မှ Telemark Inc မှ President and CEO Dr. Frank Dalene က "Co-benefits for Green Economy in the Context of Policy and Strategy" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ဒုတိယပိုင်းအစီအစဉ်တွင် သဘာပတိများအဖြစ် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဦးဆက်အောင်နှင့် ထိုင်းနိုင်ငံ ဗန်ကောက်ရှိ UNIDO မှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Dr. Chau Chin Pen တို့က ဆောင်ရွက်ကြပြီး Agribusiness and Rural Development Consultants ဦးတင်ထွဋ်ဦးက "Greening of Villages in Myanmar; Pathways to Sustainable Development and Poverty Reduction"၊ ဂျပန်နိုင်ငံ IGE မှ President Mr. Hideyuki Mori က "Green Economy Improves Resilience and Decrease Climate- Related Disasters"၊ UNDP အာရှနှင့် ပစိဖိတ်ဒေသရုံးမှ စွမ်းအင်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Thiyagarajan Velumail က "Energy Access and Poverty Reduction; New and Renewable Energy Solution for Green Economy and Green Growth"၊ ဗီယက်နမ်နိုင်ငံ Green World ဥက္ကဋ္ဌ Dr. Thai Quang Trung က "Harnessing Agriculture and Forestry Assets for Green Growth Strategy-A Vietnam Case Study" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြကာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယခုဖိုရမ်ကို နိုဝင်ဘာ ၂ ရက်တွင် နေပြည်တော်၌ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**[၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်(အဖိတ်နေ့)]**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၀ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၅ ၈။ "ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ"
- ၈း၂၅ ၉။ အဆိုပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၄း၁၅ ၃။ အတီးပြိုင်ပွဲ
- ၄း၂၀ ၄။ တေးဂီတအစီအစဉ်။
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ သီချင်းကြီးပဒေသာ
- ၅း၁၀ ၈။ "မပြောမပြီး မတီးမမြည်"
- ၅း၃၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၄၀ ၁၀။ "ပီသကြည်မြမဟာဂီတ" (အပိုင်း-၁)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၃၅ ၁၄။ ရွှေရင်ခုန်သံ
- ၇း၀၀ ၁၅။ မြန်မာ့ယဉ်ကျေးမှု အကအလှများ
- ၇း၁၀ ၁၆။ ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း (အပိုင်း-၂)
- ၇း၃၀ ၁၇။ ချင်းပြည်နယ်ခရီးသွားမှတ်တမ်း (အပိုင်း-၃)
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၃)**
- ၂၃။ **မြန်မာဗီဒီယိုဇာတ်လမ်း "ယောကျ်ားနော်" (နေထက်လင်း၊ နန္ဒာလှိုင်၊ စန္ဒီမြင့်လွင်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
- ၂၄။ အစီအစဉ်ပြီး၏။



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ပထမအကြိမ် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ပျော်ချိန်ရောက်မှ ပျော်ကြပါ" တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၈)**
- ၈း၄၅ City Mart Music Concert II (Part-3)
- ၉း၂၅ အားကစားမြင်ကွင်းစုံ
- ၉း၅၀ ရည်မှန်းပူဇော်ကူသိုလ်ယူ. . . ထပ်ကြီးဘုရားမှမြတ်သောအလှူ
- ၁၀း၀၅ ခြိမ့်ခြိမ့်သဲဆင်ကာနွဲ့ ချမ်းမြေ့အေးမွှာရုံဆွမ်းအောင်ပွဲ
- ၁၀း၂၀ Activities In The City
- ၁၀း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ
- ၁၁း၀၅ Introduction to JJ-Pun
- ၁၁း၁၅ ဂီတသံစဉ်အလှဆင်
- ၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၁း၅၅ ပြီးပြည့်စုံသောခြေလှမ်းတိုင်းအတွက် SHOE GALLERY
- ၁၂း၁၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၂း၂၅ JAPAN VIDEO TOPICS 800 Years of Tradition Aizu Tajima Gion Festival
- ၁၂း၃၀ ကျွန်းစိုက်ခင်း ပထမအကြိမ် ပင်ကျပ်နုတ်ခြင်း
- ၁း၀၀ "ပျော်ချိန်ရောက်မှ ပျော်ကြပါ" တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၃)**
- ၄း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၈)**
- ၅း၁၀ Activities In The City
- ၅း၂၅ ပြီးပြည့်စုံသောကျန်းမာခြင်းများနှင့်. . .
- ၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၄)**
- ၇း၂၀ City Mart Music Concert II (Part-4)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ရယ်စရာဖေးရှင်း(သိုင်းဆရာကြီး)
- ၈း၅၀ Celebrity Style
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၉)**
- ၁၀း၁၀ Cartoon Show Time
- ၁၀း၄၅ သင်ကြားရေးလမ်းညွှန်
- ၁၁း၀၀ ကျန်းမာစေသော စိတ်သဘောထား (ဒေါက်တာခင်မောင်လွင်၊ အကယ်ဒမီငြိမ်းမင်း)
- ၁၁း၃၅ World of Knowledge
- ၁၂း၂၀ Industrial Talk
- ၁၂း၅၅ စွဲမက်ဖွယ်ရာ ရတနာ
- ၁း၁၅ ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း
- ၁း၂၀ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
- ၁း၄၀ မြန်မာတို့၏ စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
- ၁း၅၀ နှုယဉ်ဆန်းထွင်ပန်းအလှဆင်
- ၂း၁၅ ကြိုတင်အားဖြည့်ကွန်ကရစ် ဇလီဖားစက်ရုံ (ဥသျှစ်ပင်)
- ၂း၂၅ Box Office Movies (Star Trek)
- ၂း၅၀ မြန်မာ့လက်မှုအနုလက်ရာစုံစွာ. . .
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ဒို့တိုင်းဌာနီဧရာဝတီ
- ၄း၂၅ သဘာဝအလှရတနာ သစ်ခွကမ္ဘာ
- ၄း၃၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
- ၄း၅၀ ပူဇော်လှူဒါန်း ကြာသက်န်း
- ၅း၀၀ အစီအစဉ်ပြီး။

## ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှ အခြေခံပညာဆရာ၊ ဆရာမများ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)သို့ လာရောက်လေ့လာ

**ရန်ကုန် နိုဝင်ဘာ ၁**

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)သို့ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၇)မှ သင်တန်းသား၊ သင်တန်းသူများသည် အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်းသို့ လာရောက်လေ့လာကြရာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ မြန်မာ့သိုင်း၊ ခြင်းလုံး၊ ကျွမ်းဘား၊ တိုက်ကွမ်ဒို၊ ဝူရှူး အားကစားသမားများက စွမ်းရည်သရုပ်ပြသခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

အဆိုပါအဖွဲ့အား ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO) က ငြိမ်းချမ်းရေး အနုပညာရှင်အဖြစ် ခန့်အပ်ထားကြောင်း သိရှိရသည်။

### ကြည့်ရှုအားပေး

လှပသောတမန်တော်(My Dream) တရုတ်မသန်စွမ်းအနုပညာရှင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်ပွဲကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော် တပ်ကုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Auditorium ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ကြည့်ရှုအားပေးသည်။

ဖျော်ဖြေတင်ဆက်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### ဂုဏ်ပြုနှုတ်ခွန်းဆက်

အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာက နှုတ်ခွန်းဆက်စကားပြောကြားသည်။

### ဖျော်ဖြေတင်ဆက်

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် My Dream တရုတ်မသန်စွမ်း အနုပညာရှင်အဖွဲ့မှ အနုပညာရှင်များ၏ ဗောဓိသတ္တ လက်တစ်ထောင်ကကွက်၊ ကဗျာရွတ်ဖတ်ခြင်း၊ ပီကင်းအော်ပရာ ရိုးရာတူရိယာတီးမှုတ်ခြင်း၊ တရုတ်ရိုးရာအကများ၊ တစ်ဦးချင်းနှင့် စုံတွဲတေးသီချင်း သီဆိုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။





## ကြည့်ရှုအားပေး

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လှပသော တမန်တော် (My Dream)တရုတ်မသန်စွမ်း အနုပညာရှင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မသန်စွမ်းအနုပညာရှင်အဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မသန်စွမ်းအနုပညာရှင်အဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မသန်စွမ်းအနုပညာရှင်အဖွဲ့သည် My Dream Charity Show အဖြစ် နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ရန်ကုန်မြို့ရှိ အမျိုးသား ဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ရရှိသောဝင်ငွေများကို မြန်မာနိုင်ငံရှိ မသန်စွမ်းဌာနများသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**လှပသော တမန်တော် (My Dream) တရုတ်မသန်စွမ်း အနုပညာရှင် အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။** (သတင်းစဉ်)



## ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုပ္ပသီရိမြို့နယ် စံပြစက်မှုလယ်ယာ ဇကေ ၅၀၀ အထူးဇုန်၌ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနမှပေးပို့သော မျိုးစေ့များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုပ္ပသီရိမြို့နယ် စံပြစက်မှုလယ်ယာ ဇကေ ၅၀၀ အထူးဇုန်၌ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (International Rice Research Institute) မှ ပေးပို့သော စပါး၊ နေကြာ၊ မျိုးကောင်းမျိုးသန့် မျိုးစေ့နမူနာ(Sample)များ၊ သုတေသနစာတမ်း (Research Paper) များကို ကြည့်ရှုစစ်ဆေးပြီး(ဓါတ်ပုံ) Research စာတမ်းစာစောင်များကို တက္ကသိုလ်နှင့် သုတေသနဌာနများ၌ လိုအပ်သည်များ မှီငြမ်းကိုးကားအသုံးချနိုင်ရေး ဘာသာပြန်ဆို၍ ရည်ညွှန်းစာတမ်းများအဖြစ် ပြုစုထားရှိကြရန်၊ မျိုးစေ့များနှင့် ပတ်သက်၍ စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ မှတ်တမ်းပြုစုထားရှိရန်၊ မိမိနိုင်ငံတွင် ကျင့်သုံးသော သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့် အခြားနိုင်ငံများရှိ စိုက်နည်းစနစ်များကို နှိုင်းယှဉ်သုတေသနပြုရန်တို့ကို မှာကြားသည်။

ထို့နောက် စံပြစက်မှုလယ်ယာဇကေ ၅၀၀ အထူးဇုန်အတွင်း စိုက်ပျိုးထားသော ၁၅ ရက်သား သက်တမ်းရှိ ငရုတ်စပ် (မြားနီ) စိုက်ခင်း၊ သက်တမ်း(၂၅) ရက်သားရှိ အီတလီမျိုး ရွှေသခွားမွှေး စိုက်ခင်းနှင့် သက်တမ်းရက် ၁၁၀ ရှိ အထူးအထွက်တိုး ကြံမျိုးသန့်မျိုးပွား စိုက်ခင်းတို့ကို လည်းကောင်း၊ ချိုင်းကျေးရွာရှိ ခေတ်မီလယ်ယာမြေ ဇကေ ၄၀ ဖော်ထုတ်ရေးလုပ်ငန်းခွင်၌ ဗီယက်နမ်နိုင်ငံ Vietramimex Group နှင့် မျိုးကောင်း မျိုးသန့် ထုတ်လုပ်မည့်မြေနေရာ၊ မျိုးစေ့နှင့် လယ်ယာထွက်သီးနှံအရောင်းပြခန်း မြေနေရာတို့ကို လည်းကောင်း၊ ကြာပင်ကျေးရွာအုပ်စု အောင်သုခကျေးရွာ တောင်သူပညာပေး မိုးစပါးစိုက်ခင်း ၁၀ ဧက စိုက်ခင်း၌ သက်တမ်း ၉၁ ရက်သားရှိ အောင်နှံများ စုံညီစွာထွက်ရှိသော မိုးစပါး စိုက်ခင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဥတုရာသီ တောကိုမှီ၏**

## မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၁) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁

**မော်တော်ယာဉ်အရောင်းစင်တာ (Used Car Sale Center) ဖွင့်လှစ်ရောင်းချခြင်းနှင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့် ပါမစ်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၁)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)

အစည်းအဝေးတွင် ယာဉ်အို/ယာဉ်ဟောင်းများ အပ်နှံပြီး အစားထိုး မော်တော်ယာဉ် တင်သွင်းခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ မော်တော်ယာဉ်တင်သွင်းရာတွင် ယာဉ်ဟောင်းပိုင်ရှင်များ၊ ပြည်ပသို့ မော်တော်ကားမှာယူရာတွင် အခက်အခဲဖြစ်နေသူများ အဆင်ပြေစေရေးအတွက် မော်တော်ယာဉ်အရောင်းစင်တာ (Used Car Sale Center) များ အမြန်ဆုံးဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနိုင်အောင် စီမံဆောင်ရွက်မည့် ကိစ္စရပ်များ၊ အနာဂတ်ကာလတွင် အများပြည်သူများအနေဖြင့် မော်တော်ယာဉ်အရောင်းပြခန်း (Show Room)များမှဖြစ်စေ၊ ပြည်ပမှ တိုက်ရိုက်မှာယူတင်သွင်း၍ဖြစ်စေ မိမိတတ်နိုင်သော ငွေကြေးဖြင့် လွတ်လပ်စွာ ဝယ်ယူသုံးစွဲသွားနိုင်သည်အထိ လုပ်ငန်းစီမံချက်များရေးဆွဲပြီး စီမံဆောင်ရွက်မည့်ကိစ္စရပ်များနှင့် မော်တော်ယာဉ်ထပ်မံတင်သွင်းခွင့်ပြုမည့် ကိစ္စရပ်များအပေါ် သက်ဆိုင်ရာဌာနများနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မော်တော်ယာဉ်တင်သွင်းခြင်းကိစ္စများနှင့် ပတ်သက်၍ မမှန်မကန်ကိစ္စများ ဖြစ်ပေါ်နေကြောင်း သိရှိနေရပါသဖြင့် အများပြည်သူများ သိရှိလိုသည်များ မေးမြန်းဆက်သွယ် စုံစမ်းနိုင်ရန်နှင့် မမှန်မကန် ဆောင်ရွက်နေမှုများရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၀၀၂၊ ၀၆၇-၄၀၈၂၁၆၊ ၀၆၇-၄၀၈၂၃၂၊ ၀၆၇-၄၀၈၃၁၆ နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၅၀၃၄ တို့သို့ ဆက်သွယ် သတင်းပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မျောပါငါးများ ဇီဝိတဒါနလွှတ်

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ဒေသများတွင် ယခင်လကထူးကဲစွာ မိုးရေချိန် ၅ ဒသမ ၁၆ လက်မထိ မိုးများရွာသွန်းခဲ့သောကြောင့် ရွှေတချောင်းမြောင်း၊ သင်္ဂဇာချောင်းများ ရေလျှံကာ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ မင်းတဲအီကင်းရပ်ကွက်တို့ရှိ မြေနိမ့်ပိုင်းများတွင် ရေများဝင်ရောက်ခဲ့ပြီး ညောင်ကွဲရပ်ကွက်ရှိ ငါးကန်များလည်း ကျိုးပေါက်ခဲ့သည်။ ငါးကန်များမှ လွတ်ထွက်လာသော ငါးကြီးများ (၁၂)လမ်း၊ (၈၆)လမ်းနှင့် လမ်း (၉၀) ကြားလမ်းများရှိ နေအိမ်များအတွင်း ရေများနှင့်အတူ မျောပါလာသဖြင့် ရပ်ကွက်ပြည်သူများက ဖမ်းဆီးကာ ကျုံးအတွင်း ဇီဝိတဒါန ငါးများလာရောက်လွှတ်ကြကြောင်း သိရသည်။

(၆၅၃)

## စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းများ ရှင်းလင်းခြင်း မုံရွာ၌ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများသို့ စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းများ ရှင်းလင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ဝန်ကြီးဌာနလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဝင်းမြင့်က စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အကြံပေး ဒေါ်မြသူဇာက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အား/ကာသိပ္ပံ (မန္တလေး)သို့ အထက်မြန်မာပြည် ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာ အထူးမွမ်းမံသင်တန်းမှ ဆရာ၊ ဆရာမများလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁**

အထက်မြန်မာပြည် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဇီးပင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမအင်အား ၁၅၀၀ တို့သည် အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)သို့ လာရောက်လေ့လာကြရာ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး သင်တန်းသားများက အားကစားနည်း ခုနစ်မျိုးဖြစ်သည့် မြန်မာ့သိုင်း၊ အလေးမ၊ ဘောလုံး၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ မြန်မာ့ရိုးရာခြင်းလုံး၊ ဝူရှူးအားကစားနည်းများဖြင့် သရုပ်ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော်   နိုဝင်ဘာ   ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီ အစည်းအဝေးကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ ညနေ ၄ နာရီတွင် ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ၁၉၉၆ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်ခဲ့သည့် မှတ်တမ်းဗီဒီယိုခွေအား ကြည့်ရှုကြပြီး ယခုနှစ် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်ပွဲအား ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လွိုင်ကော်မြို့၌ ဝန်ထမ်းများအား တွေ့ဆုံ နိုင်ငံသားကတ်ပြားထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်မှုများ ကြည့်ရှုအားပေး

**နေပြည်တော်   နိုဝင်ဘာ   ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် အောက်တိုဘာ ၂၉ ရက် ညနေပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကယားပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေး အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထိုမှတစ်ဆင့် လွိုင်ကော်မြို့ရှိ ပြည်နယ်ဦးစီးဌာနမှူးရုံး၏ ဝန်ထမ်းအိမ်ရာ၌ ကြက်မွေးမြူရေးခြံနှင့် စိန်တစ်လုံး သရက်စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ချိကယ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက အများပြည်သူရုံးပိတ်ရက်တွင်ဒေသခံကျေးရွာပြည်သူများနှင့် ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)



### ကြည့်ရှုစစ်ဆေး

**ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ပန်းဆေးတံတားနှင့် ဆက်စပ်သည့် လမ်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောက်လုပ်ရေးဒုတိယဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော်   နိုဝင်ဘာ   ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်-တောင်ညို-ချောင်းနက်လမ်း မိုင်တိုင်အမှတ် (၂၃/၀)အနီး၌ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် မိုင်တိုင်အမှတ်(၂၅/၀)အနီး၌ စက်ယန္တရားကြီးများဖြင့် လမ်းအူကြောင်းဖောက်လုပ်နေမှုတို့ကို လည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း စကားအင်းအပိုင်း တံခွန်တိုင်အပိုင်း မိုင်တိုင်အမှတ်(၃၆၅/၁)အနီး၌ ရန်ကုန်-မန္တလေးအမြန်လမ်း ဖြတ်သန်းခကောက်ခံရေးစခန်း (Toll Gate)အသစ် တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရောဝတီတံတား (ရတနာပုံ)သို့ ရောက်ရှိပြီး အထူးစီမံကိန်းကြီးအဖွဲ့(၂)အင်ဂျင်နီယာမှူးကြီးရုံးဝင်းအတွင်း တံတားလုပ်ငန်းသုံး Stand Pipe များနှင့် ရောဝတီတံတား (စင်းခန်း)သို့ ပို့ဆောင်မည့် သံပေါင်များ ထိန်းသိမ်းထားရှိမှု၊ စစ်ကိုင်း- မြစ်ငယ်ဖြတ်လမ်း မိုင်တိုင်အမှတ် (၁/၀)အနီး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် အမရပူရမြို့နယ်မှ ဆောင်ရွက်သော ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မန္တလေး-ပြင်ဦးလွင်လမ်း အေးရှားဝေါလ်ကုမ္ပဏီ လမ်းအသုံးပြုခကောက်ခံရေးစခန်း၌ ကုန်တင်ယာဉ်ကြီးများဝန်ချိန်စက် (Weighing Machine) ပေါ်မှ စနစ်တကျဖြတ်သန်းသွားလာနေမှုနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စစ်ဆေးကြပ်မတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုပြီး အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးရန် မှာကြားသည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်း (စကားအင်းအပိုင်း-တံခွန်တိုင်)အပိုင်းရှိ ဒုဋ္ဌဝတီတံတား၊ ပန်းဆေးတံတားတို့နှင့် ဆက်စပ်သည့် လမ်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် တံတားအမှတ်(၂/၃၅၆)ရေလမ်းကြောင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဘော်လီဘော အားကစားနည်းနာယက ဒေါ်မူမူဆွေက အားကစားသမားများ အင်အားဖြည့်အစားအသောက်များ ဖြည့်စွက်စားသောက်ရန် ထောက်ပံ့ငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများ မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားများအား တွေ့ဆုံအားပေး၊ ထောက်ပံ့ငွေများလှူဒါန်း

**ရန်ကုန်   နိုဝင်ဘာ   ၁**

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဘော်လီဘော အားကစားနည်းနာယက ဒေါ်မူမူဆွေ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်ခင်ဆွေမြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များသည် အောက်တိုဘာ ၃၁ ရက် ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ဘော်လီဘောအားကစား လေ့ကျင့်ရေးရုံသို့ သွားရောက်၍(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာဘော်လီဘော အားကစားသမားများ အောင်မြင်မှုဆုတံဆိပ်များ ရရှိနိုင်ရေးအတွက် အားပေးစကားပြောကြားကာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘော အသင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေး၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဘော်လီဘောအားကစားနည်းနာယက ဒေါ်မူမူဆွေက အားကစားသမားများ အင်အားဖြည့်အစားအသောက်များ ဖြည့်စွက်စားသောက်ရန် ထောက်ပံ့ငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန်   နိုဝင်ဘာ   ၁**

ဦးသိန်းနိုင်(ရန်ကုန်လေဆိပ်)သည် ကစားဖော်များဖြစ်ကြသော ဦးကျော်မြင့်၊ ဦးမျိုးမြင့်နိုင်၊ ဦးတက်တိုး တို့နှင့်အတူ အောက်တိုဘာ ၂၈ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro VI No (4) ဘောလုံးကို Celeveland Iron No(8) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၂) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

## ပခုက္ကူခရိုင်အတွင်း ရေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော်   နိုဝင်ဘာ   ၁**

ပခုက္ကူတပ်နယ်မှ တပ်မတော်သားများသည် နိုဝင်ဘာ ၁ ရက်တွင် ဘို့မယ်နှင့် ရေပြာကျေးရွာတို့ရှိ ကျေးရွာစာသင်ကျောင်းများအတွင်း အပျက်အစီးများ ရှင်းလင်းခြင်း၊ နေအိမ်များအား ရေဖြင့်ဆေးကြောပေးခြင်းနှင့် ကျေးရွာအတွင်း လမ်းများမှ နုန်းမြေများ ဖယ်ရှားခြင်း၊ ရေစကြိုတပ်နယ်မှ တပ်မတော်သားများသည် မြိုင်မြို့ အမှတ်(၁)ရပ်ကွက်အတွင်း ပျက်စီးနေသော လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်းနှင့် လမ်းပေါ်ရှိ နုန်းများနှင့် အမှိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ မုံရွာတပ်နယ်မှ တပ်မတော်သားများသည် ချိုက်၊ ချောင်းနားကျေးရွာများတွင် ကျေးရွာချင်းဆက်လမ်းအား ကားသွားလာနိုင်သည်အထိ ပြုပြင်ခြင်း၊ လူနေအိမ်များမှ နွံ့ညွန်များ ဖယ်ရှားရှင်းလင်းခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ မိတ္ထီလာတပ်နယ်မှ တပ်မတော်သားများသည် အနောက်ကမ်းဖြူ၊ မြောက်ရွာမ၊ စိုက်ခမ်း၊ ကျားဘော၊ ဆားလောက်၊ ဘဲကျ၊ သံပရာပင် စသည့်ကျေးရွာများတွင် ရွာပတ်လမ်းပြုပြင်ခြင်း၊ နုန်းနှင့်အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ရွာတွင်းလမ်းမတွင် လဲကျနေသည့် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျေးရွာစာသင်ကျောင်းဆောင်အတွင်းမှ နုန်းနှင့်အမှိုက်များ ရှင်းလင်းခြင်းနှင့် ပျက်စီးနေသည့် အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားခြင်းတို့ကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ထို့အတူ ကျောက်ပန်းတောင်းတပ်နယ်မှ တပ်မတော်သားများသည် တောင်ရွာမ၊ ကင်ပွန်းတောက်၊ လယ်သာဝ၊ ကျွန်းရင်း၊ ကိုးရွာ၊ သဖန်းတောက်နှင့် အင်းကန်ကျေးရွာများတွင် အဝီစိတွင်းများတူးဖော်ခြင်း၊ ရွာလယ်လမ်းအား ပြုပြင်ခြင်း၊ ပြိုလဲပျက်စီးနေသော လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ထို့နည်းတူ မကွေးတပ်နယ်မှ တပ်မတော်သားများသည်လည်း အရှေ့ကဘိုင် အရှေ့ကန်တွင်းနှင့် ဆင်လန်းချောင်းကျေးရွာများတွင် ကျေးရွာချင်းဆက်လမ်းများပြုပြင်ခြင်း၊ ကျေးရွာတွင်း နုန်းနှင့်အမှိုက်များ ရှင်းလင်းခြင်း၊ သောက်သုံးရေအတွက် ရေတုံကင်များ တူးဖော်တပ်ဆင်ခြင်း၊ ပျက်စီးသွားသော လူနေအိမ်များ ပြန်လည်ပြုပြင်ခြင်း၊ ရွာလယ်လမ်းမကြီးအား ပြုပြင်ခြင်း၊ ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆောင်မှ နွံ့ညွန်များ ရေဆေးသန့်စင်ခြင်းနှင့် ရေတွင်းများတွင် ရေသန့်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ပခုက္ကူတပ်နယ်နှင့် မုံရွာတပ်နယ်တို့မှ တပ်မတော်သားများသည် ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်မှ ရေဘေးသင့် အိမ်ထောင်စုများအား ပြန်လည်နေရာချထားပေးမည့် ပခုက္ကူမြို့ ကျွဲတကျေးရွာအုပ်စု စွန်သိုက်ရွာသစ်ကွင်းတွင် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း လူနေအိမ်ငါးလုံးအား လုပ်ငန်းတာဝန်ခံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ယာယီရွက်ဖျင်တဲ ၁၈ လုံး ထပ်မံဆောက်လုပ်ခဲ့ရာ စုစုပေါင်း ၂၉၉ လုံး ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တောင်ကြီးစက်မှုလက်မှု အထက်တန်းကျောင်း အာစရိယပူဇော်မည်

**နေပြည်တော်   နိုဝင်ဘာ   ၁**

တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ (၈)ကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်နှင့်အတူ နိုဝင်ဘာ ၅ ရက် (စနေနေ့) ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း (၈)မိုင် သမားတော်ဆေးခန်းရှေ့မှ မော်တော်ယာဉ်ထွက်ခွာမည်ဖြစ်၍ လိုက်ပါမည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများသည် ညနေ ၃ နာရီခွဲတွင် အရောက်လာရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးစိုးမြင့် ဖုန်း-၀၉-၅၁၃၁၂၁၉၊ ဦးလှသိန်း ဖုန်း-၀၉-၅၁၉၂၉၇၅နှင့် ဦးသိန်းလွင် ဖုန်း-၀၉-၂၀၁၈၀၆၁ တို့သို့ ဆက်သွယ်ပါရန် အကြောင်းကြားထားသည်။

အလှူငွေထည့်ဝင်လိုသူများသည် ဦးတင်အောင်(တောင်ကြီး) ဖုန်း-၀၈၁-၂၀၀၆၅၉၊ ဦးစိုးညွန့်(တောင်ကြီး) ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးခင်မောင်ဝင်း(တောင်ကြီး)ဖုန်း-၀၉-၄၉၃၈၄၆၉၃၊ ဦးအေးဝင်း (မန္တလေး) ဖုန်း-၀၂-၆၂၅၄၄၊ ဦးအောင်မြင့်သိန်း (ပခုက္ကူ) ဖုန်း-၀၉-၂၃၀၀၅၁၅၊ ဦးကိုကိုလတ် (မိတ္ထီလာ) ဖုန်း-၀၆၄-၃၅၀၀၅၊ ဦးမြဦး (အောင်ပန်း) ဖုန်း-၀၈၇-၆၀၄၂၄၊ ဦးသက်ပိုင်မျိုး(နပတ) ဖုန်း-၀၉-၂၁၅၁၁၈၀နှင့် ဦးကြည်အောင်(မင်းဘူး)ဖုန်း-၀၉-၄၇၂၀၀၃၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ရန်ကုန်တိုင်းဒေသကြီး ကျောင်းပေါင်းစုံလူသစ်တန်း ခရစ်ကက်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန်   နိုဝင်ဘာ   ၁**

အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးမျိုးမြင့်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းက အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲသို့ မြို့နယ် ၁၃ ခုမှ ပြိုင်ပွဲဝင်အသင်း ၂၇ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

## ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၁၁) ထွက်ပြီ

**ရန်ကုန်   နိုဝင်ဘာ   ၁**

ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၁၁) ကို အောက်တိုဘာ ၂၈ ရက်က ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရရှိနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## အဆိုရှင် ဒေါက်တာစိုးရင်၏ အဆိုကို လွှတ်တော်ကအတည်ပြုပြီး သဘောမတူသူမရှိ၍ အတည်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁**

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၄) ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၉)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ အရေးကြီးအဆို(၁)ခု တင်သွင်းဆွေးနွေးခြင်းနှင့် မေးခွန်း(၉)ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အရေးကြီးအဆို တင်သွင်းဆွေးနွေးခြင်းကဏ္ဍ**တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃ အရ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က **၂၀၁၁ ခုနှစ် အောက်တိုဘာ (၂၈)ရက်တွင် ပြည်ထောင်စုလွှတ်တော်၌** စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။**
(သတင်းစဉ်)



# အမျိုးသားလွှတ်တော်အစည်းအဝေး (၄၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းကို တည်ဆဲဥပဒေများနှင့်အညီ ထူထောင်ခွင့်ပြုရန်အဆိုကို အတည်ပြု



**နေပြည်တော် နိုဝင်ဘာ ၁**

ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေး (၄၃) ရက်မြောက်နေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၈)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ အဆို(၁)ခု ဆက်လက်ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အဆို ဆက်လက်ဆွေးနွေးခြင်းကဏ္ဍ** တွင် အောက်တိုဘာ (၂၈)ရက်က ဆွေးနွေးခဲ့သည့် **"သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း ထူထောင်ခွင့်ပြုရန်"** အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။**
(သတင်းစဉ်)

ယနေ့သတင်းအညွှန်း

### အစိမ်းရောင် စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ကျင်းပ

"မြန်မာနိုင်ငံအတွက် သင့်လျော်မည့် အနာဂတ် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုလမ်းပြမြေပုံကို ဖော်ဆောင်ချမှတ်ပေးနိုင်မည်"

ပြည်တွင်းသတင်း စာမျက်နှာ - ၈

### ပြည်ပသို့ ဆန်တန်ချိန် တစ်သန်းခန့် တင်ပို့နိုင်ရန် မျှော်မှန်း

"ခေတ်မီနည်းပညာနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ အသုံးပြုခြင်းတို့ကြောင့် ပြည်တွင်းစားသုံးမှု မထိခိုက်နိုင်သလို ပြည်ပသို့ ပိုမိုတင်ပို့နိုင်"

ပြည်တွင်းသတင်း စာမျက်နှာ - ၄

### (၂၇၅)ကြိမ်မြောက် အောင်ဘာလေသိန်းထီ ဖွင့်ပွဲမှ စ၍ ၂၃၆ ဆု တိုးမြှင့်ပေးမည်

"ဆုမဲပေါင်း ၂၃၆ ဆု တိုးမြှင့် ခွဲဝေပေးမည်ဖြစ်၍ ဆုမဲတန်ဖိုး ၉၈၂ သိန်း ပိုမိုမည်"

ပြည်တွင်းသတင်း စာမျက်နှာ - ၇